မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်၊ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီ ၂ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၂၅)

ဒို့တာဝန်အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီးတို့အား
စင်ကာပူသမ္မတနိုင်ငံ သမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်းက ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆို

နိုင်ငံတော် သမ္မတ ဦးသိန်းစိန်နှင့် စင်ကာပူသမ္မတနိုင်ငံ သမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်းတို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့အား စင်ကာပူသမ္မတနိုင်ငံ သမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်းက ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ဇန်နဝါရီ ၃၀ ရက် နံနက် ၁၁ နာရီတွင် စင်ကာပူမြို့ Istana သမ္မတအိမ်တော်၌ ကျင်းပသည်။

နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ဂုဏ်ပြု ကြိုဆိုပွဲအခမ်းအနား တက်ရောက်ရန် *စာမျက်နှာ ၃ ကော်လံ ၁* ✻

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် စင်ကာပူသမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်းတို့ တွေ့ဆုံ
မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မည်

နေပြည်တော် ဖေဖော်ဝါရီ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် စင်ကာပူသမ္မတနိုင်ငံ သမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်းတို့သည် ဇန်နဝါရီ ၃၀ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် Istana သမ္မတအိမ်တော် West Drawing Room ၌ တွေ့ဆုံဆွေးနွေးကြသည်။

ရှေးဦးစွာ စင်ကာပူသမ္မတက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံ၌ ဒီမိုကရေစီလမ်းစဉ်နှင့်အညီ ဥပဒေပြုရေးအာဏာ၊ တရားစီရင်ရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာဟူသည့် ကဏ္ဍကြီး(၃)ရပ်နှင့်အညီ ဆောင်ရွက်နေမှု၊ အစိုးရသစ်အနေဖြင့် ဒီမိုကရေစီအတွေ့အကြုံ နုနယ်သေးသော်လည်း လက်ရှိတွင် ဒီမိုကရေစီလမ်းကြောင်းမှန်ပေါ် ရောက်ရှိဆောင်ရွက်နေမှု၊ ဆက်လက်ပြီး ဒီမိုကရေစီရှင်သန်အောင် ကြိုးပမ်းဆောင်ရွက်နေမှု၊ *စာမျက်နှာ ၂ ကော်လံ ၁* ◆

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် စင်ကာပူသမ္မတနိုင်ငံ သမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်းတို့ စင်ကာပူမြို့ Istana သမ္မတအိမ်တော် West Drawing Room ၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

◆ ရှေ့ဖုံးမှ

တိုင်းပြည်တည်ငြိမ်အေးချမ်းအောင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်နေမှု၊ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ပြည်တွင်း နိုင်ငံရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်နေမှု၊ မကြာမီကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် အင်န်အယ်လ်ဒီအပါအဝင် နိုင်ငံရေးပါတီများ ပါဝင်နိုင်ရေးဆောင်ရွက်ပေးထားမှု၊ ပြည်တွင်းနိုင်ငံရေးအခြေအနေ တည်ငြိမ်လာမှုနှင့်အတူ ပြည်ပဖိအားပေးမှုများလည်း လျော့နည်းလာမှု၊ စီးပွားရေးကဏ္ဍတွင်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများအပြင် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံရန် ဆက်သွယ်ဆောင်ရွက်လာမှု၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်းသည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို အာဆီယံနိုင်ငံများအပါအဝင် နိုင်ငံတကာနှင့် လိုက်လျောညီထွေဖြစ်စေရေး ဆောင်ရွက်ထားရှိမှု၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြန်မြန်ဆန်ဆန်သွက်သွက်လက်လက်ဖြစ်စေရေးအတွက် ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို ကျစ်ကျစ်လျစ်လျစ် ဖွဲ့စည်းထားရှိမှုနှင့် မိမိတို့နိုင်ငံတွင် သဘာဝသယံဇာတများရှိပြီးဖြစ်၍ စင်ကာပူနိုင်ငံမှ လုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံခြင်းဖြင့် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၌ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စင်ကာပူနိုင်ငံက ကူညီဆောင်ရွက်ပေးစေလိုပါကြောင်းဖြင့် ပြောကြားသည်။

ဆွေးနွေးပြောကြား

ယင်းနောက် စင်ကာပူသမ္မတက နိုင်ငံတော်သမ္မတကြီး ဦးဆောင်သော အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာများက ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ကြိုးပမ်းဆောင်ရွက်နေမှုများကို သိရှိရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ လာမည့် ကြားဖြတ်ရွေးကောက်ပွဲကိုလည်း တည်ငြိမ်အေးချမ်းစွာဖြင့် အောင်အောင်မြင်မြင်ဆောင်ရွက်နိုင်မည်ဟုယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံ၏ အပြုသဘောဆောင်သော နိုင်ငံရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖြစ်ပေါ်မှုများကြောင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ရရှိလာနိုင်မည်ဖြစ်ပါကြောင်း၊ စင်ကာပူနိုင်ငံမှ ကုန်သည်များသည် မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရန် သွားရောက်ကြမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် စီးပွားရေးနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား Mr.Tomas Ojea Quintana လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁

နယ်စပ်ရေးရာ ဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေးအား မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ Mr. Tomas Ojea Quintana သည် ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေး ဆောင်ရွက်မှုအခြေအနေများ၊ နိုင်ငံရေးတိုးတက်ပြောင်းလဲနေမှု အခြေအနေများနှင့် လူ့အခွင့်အရေးဆိုင်ရာ ဆောင်ရွက်နေမှု အခြေအနေများ၊ လူသားချင်း စာနာထောက်ထားသည့် အထောက်အပံ့တွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေးအား မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ Mr. Tomas Ojea Quintana လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

မှတ်တမ်းတင်ဓာတ်ပုံရိုက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ စင်ကာပူသမ္မတနိုင်ငံ သမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်းနှင့်ဇနီး မေရီတန်တို့ စင်ကာပူမြို့ Istana သမ္မတအိမ်တော် West Drawing Room ၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

ကံထူးရှင်ရွေးချယ်

ရန်ကုန် ဖေဖော်ဝါရီ ၁

ပြည်တွင်းအခွန်များ ဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲ၏ (၂၇၇) ကြိမ်မြောက် အောင်ဘာလေသိန်းဆု ဖွင့်ပွဲမှ ယနေ့ ထွက်ပေါ်လာသော ဆုကြီးများမှာ အောက်ပါအတိုင်း ဖြစ်သည်-

ကျပ်သိန်း ၁၅၀၀ ဆု

ဏ-၈၀၂၁၂

ကျပ်သိန်း ၁၀၀၀ ဆု

ဃ-၉၄၈၉၄၄

ကျပ်သိန်း ၅၀၀ ဆု

မ-၁၂၁၉၀၇

ကျပ်သိန်း ၃၀၀ ဆုများ

ပ-၇၅၆၄၂၀ ဆ-၉၇၁၆၅၈

ကျပ်သိန်း ၂၀၀ ဆုများ

ဇ-၆၃၆၆၃၆ ဂ-၈၄၀၇၄၇

က-၂၁၅၄၃၆ ည-၆၄၅၂၄၄

ကျပ်သိန်း ၁၀၀ (မင်္ဂလာစုံတွဲစနစ်) ဆုမဲများ

ထ-၁၃၉၆၃၆ ဈ-၄၀၈၃၂၅

ဈ-၁၉၂၆၀၅ ရ-၅၀၉၀၉၇

က-၁၂၈၄၀၅ င-၆၈၃၅၆၈

ဂ-၆၂၅၀၄၄ လ-၉၇၄၈၄၀

ယ-၆၆၀၇၉၂ ဒ-၄၆၀၀၆၈

ဖ-၁၂၁၇၉၉ ဃ-၉၇၉၆၅၁

ည-၇၀၉၉၅၆ ဖ-၆၀၀၂၀၉

လ-၉၈၆၀၆၁

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်)

လူ့စွမ်းအားအရင်းအမြစ် စီးပွားရေးတစ်ခေတ်ဆီသို့

မျက်မှောက်ခေတ် ဖွံ့ဖြိုးပြီးနိုင်ငံအများစုသည် စီးပွားရေးတိုးတက်အောင် ကြိုးပမ်းကြရာတွင် သဘာဝအရင်းအမြစ်များကိုသာမက လူ့စွမ်းအားအရင်းအမြစ်များကိုပါ စနစ်တကျ ပြုစုပျိုးထောင်အသုံးချနေကြပြီဖြစ်သည်။

သဘာဝကပေးသည့် အရင်းအမြစ်များသည် နှစ်ကာလကြာညောင်းလာသောအခါ ကုန်ခန်းသွားတတ်၏။ ဆုတ်ယုတ်သွားတတ်၏။ သာမန်အားဖြင့် သဘာဝအရင်းအမြစ်များဟုဆိုသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့များ၊ ဓာတ်သတ္တုများ စသည်တို့သည် အမြဲတစေ ထွက်ရှိနေမည်ဟု မဆိုနိုင်။ ယင်းတို့၏ အရင်းအမြစ်များသည် ပမာဏအတိုင်းအတာတစ်ခုအဖြစ်သာ ရှိနေကြသည်။ ထို့ကြောင့်ပင် ဖွံ့ဖြိုးပြီး နိုင်ငံတို့က ရေရှည်ခံသည့် လူ့စွမ်းအားအရင်းအမြစ်များကို နိုင်ငံ၏စီးပွားရေးတိုးတက်မှုအတွက် အသုံးချလာကြသည်။ ဤသည်ကို လူ့စွမ်းအားအရင်းအမြစ် စီးပွားရေးဟု ကင်ပွန်းတပ်ကြ၏။

မည်သို့ပင်ရှိစေ သဘာဝအရင်းအမြစ်များကိုအခြေခံသည့် စီးပွားရေးပုံစံမှ လူ့စွမ်းအားအရင်းအမြစ်များကို အခြေခံသည့် စီးပွားရေးစနစ်ကို ဖော်ဆောင်ကြရပေတော့မည်။ လူ့စွမ်းအားအရင်းအမြစ်များကို အခြေခံသည့် စီးပွားရေးသည် သဘာဝသယံဇာတများကိုအခြေခံသည့် စီးပွားရေးကဲ့သို့ ပြုန်းတီးမှုမဖြစ်အောင် ထိန်းချုပ်ပြုပြင်နိုင်သည့်အပြင် ကြိုးပမ်းစွမ်းဆောင် ပြုစုပျိုးထောင်နိုင်သည်နှင့်အမျှ စီးပွားရေးအရ အဆပေါင်းများစွာပင် တိုးတက်သွားနိုင်၏။ ထို့အပြင် (Innovation) တီထွင်ဖန်တီးမှုနှင့် (Creativity) ဖန်တီးနိုင်စွမ်းရှိသည့် လုပ်သားအင်အားစုကိုလည်း ဖြစ်ပေါ်စေနိုင်သည်။

တစ်ဖန် သဘာဝသယံဇာတမရှိသည့် နိုင်ငံများ၌မူ လူသားအရင်းအမြစ်ကို ဖွံ့ဖြိုးအောင်ဆောင်ရွက်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းခဲ့ရသည့် နိုင်ငံများစွာရှိသည်။ ထိုနိုင်ငံများမှာ ယနေ့ ဖွံ့ဖြိုးပြီးနိုင်ငံအများစုဖြစ်သည်။ ဥပမာ-အာရှတွင် ဂျပန်၊ စင်ကာပူစသောနိုင်ငံများ ဖြစ်သည်။ အာရှနိုင်ငံအချို့၌ပင် လူ့စွမ်းအားအရင်းအမြစ် စီးပွားရေးကို ပီပီပြင်ပြင် ဖော်ဆောင်နေကြပြီဖြစ်သည်။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုအားနည်းသောနိုင်ငံများသည် နည်းပညာတိုးတက်မှုတွင်လည်း နောက်ကျလေ့ရှိသည်။

လူ့စွမ်းအားအရင်းအမြစ်သည် အခြားသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကာကွယ်ရေးစသည့် ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိက ပင်မအရင်းအမြစ်ပင်ဖြစ်၏။ နိုင်ငံတစ်နိုင်ငံ၏ တိုးတက်မှုနှုန်းကို အမြန်ဆုံးပေးနိုင်သည့် စက်မှုနှင့် အိုင်တီနည်းပညာများသည်ပင်လျှင် လူ့စွမ်းအားအရင်းအမြစ်ကို အခြေခံသည်။ ယုတ်စွအဆုံး လူ့စွမ်းအားအရင်းအမြစ်သည် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၏ အုတ်မြစ်ဟု ဆိုနိုင်သည်။

ဤသို့ဆိုလျှင် ကျွန်ုပ်တို့နိုင်ငံတွင်လည်း လူ့စွမ်းအားအရင်းအမြစ်များ အမှန်တကယ် ဖွံ့ဖြိုးတိုးတက်လာစေရန် အရေးကြီးလှပေသည်။ တစ်နည်းဆိုရသော် ပညာတတ်လူငယ်လူရွယ်များ နိုင်ငံနှင့်အဝန်း တိုးပွားလာပြီး ကဏ္ဍစုံတိုးတက်ရေးကို တာဝန်ယူအာမခံပေးနိုင်သည့် လူ့ဘောင်တစ်ရပ် ရှင်သန်ဖြစ်ထွန်းစေရတော့မည်ဖြစ်သည်။

လူ့စွမ်းအားအရင်းအမြစ်ကို ဖော်ဆောင်ကြမည့်သူများမှာ အဓိကအားဖြင့် လူငယ်လူရွယ်များသာ ဖြစ်သည်။ ယနေ့ခေတ် လူငယ်လူရွယ်တို့အနေဖြင့် အတန်းပညာ၊ ဘွဲ့ဒီဂရီများရရှိရုံနှင့် ကျေနပ်မနေဘဲ အိုင်တီနည်းပညာ၊ အင်္ဂလိပ်စာ၊ စီမံခန့်ခွဲမှုအတတ်ပညာစသည်ဖြင့် လုပ်ငန်းခွင်အသုံးချ ဘာသာရပ်မျိုးစုံကိုလည်း တတ်မြောက်ကြရန် လိုအပ်ပေသည်။

သို့ပါ၍ ခေတ်မီတိုးတက်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ရေးသည် တစ်ဦးကောင်း၊ တစ်ဖွဲ့ကောင်းနှင့် မဖြစ်နိုင်။ တစ်ဦးချင်းမှသည် တစ်နိုင်ငံလုံး အစဉ်လေ့လာသင်ယူနေသည့် လူ့ဘောင်အဖြစ် တိုးတက်ဖွံ့ဖြိုးစေပြီး လူသားအရင်းအမြစ်များကို ပြုစုပျိုးထောင်နိုင်မှသာ လူ့စွမ်းအားအရင်းအမြစ် စီးပွားရေးတစ်ခေတ်ဆီသို့ တက်လှမ်းနိုင်မည်ဖြစ်ပါကြောင်း မြန်မာ့အလင်းက အကြံပြုရေးသားလိုက်ရပေသည်။ ။

* ရှေ့ဖုံးမှ

Istana သမ္မတအိမ်တော်သို့ ရောက်ရှိလာရာ စင်ကာပူသမ္မတ ဒေါက်တာ တိုနီ တန်ကင်ယမ်းနှင့် ဇနီးတို့က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

အလေးပြုခြင်းခံယူ

ထို့နောက် နိုင်ငံတော်သမ္မတနှင့် စင်ကာပူသမ္မတတို့သည် အလေးပြုခံစင်မြင့်၌ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ဂုဏ်ပြုတီးမှုတ်

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် စင်ကာပူသမ္မတနိုင်ငံ အမျိုးသားသီချင်းတို့ကို ဂုဏ်ပြုတီးမှုတ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် စင်ကာပူသမ္မတတို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးပြီး အလေးပြုခံစင်မြင့်သို့ သွားရောက်၍ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ထပ်မံခံယူကြသည်။

လက်မှတ်ရေးထိုး

ထို့နောက် နိုင်ငံတော်သမ္မတသည် Istana သမ္မတအိမ်တော် ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတအား စင်ကာပူသမ္မတက ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် ဝန်ကြီးများ၊ သံအမတ်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် မိတ်ဆက်ပေးသည်။

ပြန်လည်မိတ်ဆက်

ထို့အတူ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကလည်း စင်ကာပူသမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်းအား အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ပြန်လည်မိတ်ဆက်ပေးပြီး ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အလေးပြုခြင်းကိုခံယူ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် စင်ကာပူသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ တိုနီတန်ကင်ယမ်းတို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။ (သတင်းစဉ်)

မိတ်ဆက်ပေး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား စင်ကာပူသမ္မတနိုင်ငံသမ္မတ ဒေါက်တာ တိုနီတန်ကင်ယမ်းက ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသူများနှင့် မိတ်ဆက်ပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စင်ကာပူသမ္မတနိုင်ငံ သမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်းအား အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးစဉ်။ (သတင်းစဉ်)

မတည်ရင်းနှီးငွေ ထပ်မံလိုအပ်သူများအား ဝိုင်းကြီးချုပ်ဖြင့် တိုးမြှင့်ချေးပေးရေးဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်သည် ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဒေါ်စန်းစန်းနွယ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၂၉ ရက်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တို့၌ လည်းကောင်း၊ ဇန်နဝါရီ ၃၀ ရက်တွင် ခရမ်းမြို့နယ်၌ လည်းကောင်း၊ ဇန်နဝါရီ ၃၁ ရက်တွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ လည်းကောင်း မတည်ရင်းနှီးငွေရယူပြီး လုပ်ငန်းများဆောင်ရွက်နေသည့် တောင်သူလယ်သမားများနှင့် လက်လုပ်လက်စား ၂၃၅၇ ယောက်တို့နှင့် တွေ့ဆုံဆွေးနွေးရာ သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ငွေစုငွေချေးအသင်းတာဝန်ခံများက အသေးစားပုဂ္ဂလိကငွေစုငွေချေးအသင်းများမှ မတည်ရင်းနှီးငွေများ ထုတ်ချေးပေးထားမှု၊ အတိုးငွေများပေးဆပ်မှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ချေးငွေရယူသူ တောင်သူလယ်သမားများ၊ လက်လုပ်လက်စားများနှင့် လုပ်ငန်းများအဆင်ပြေချောမွေ့အောင် စေတနာဖြင့် စနစ်တကျစီမံဆောင်ရွက်ပေးသူ အသေးစားငွေစုငွေချေး အသင်းတာဝန်ခံများအားလုံးတို့သည် ပေးထားသည့်ကတိကဝတ်များနှင့်အညီ ဆောင်ရွက်နေကြသည်ကို တွေ့ရှိရကြောင်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် ထုတ်ပြန်ထားသည့် အသေးစားငွေစုငွေချေးလုပ်ငန်း ဥပဒေအတိုင်း ဆက်လက်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ပြည်ထောင်စုအစိုးရ၏ မူဝါဒအတိုင်း ဆင်းရဲမှုများလျော့ကျပြီး ဒေသအလိုက် အမှန်တကယ်ဒေသဖွံ့ဖြိုးတိုးတက်လာအောင် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မတည်ရင်းနှီးငွေ ထပ်မံလိုအပ်သူများအားလည်း ဝိုင်းကြီးချုပ်စနစ်ဖြင့် ချေးငွေများတိုးမြှင့်ချေးပေးရေးလုပ်ငန်းများကို စေတနာထား၍ စနစ်တကျဆောင်ရွက်သွားရန်နှင့် ချေးငွေများကို တောင်သူလယ်သမားများ၏ လုပ်ငန်းခွင်နှင့် လက်လုပ်လက်စားများ၏ လုပ်ငန်းမျိုးစုံတွင် အသုံးပြုရန်သာဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ မတည်ရင်းနှီးငွေရယူပြီး လုပ်ငန်းများဆောင်ရွက်နေသည့် တောင်သူလယ်သမားများနှင့် လက်လုပ်လက်စားများအား တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

လက်တွေ့ကျကျဆောင်ရွက်

ကိုယ်တိုင်စုငွေများ ထည့်ဝင်ပြီး အသေးစားပုဂ္ဂလိကငွေစုငွေချေး လုပ်ငန်းများမှ ချေးငွေရယူသူများနှင့် ချေးငွေပမာဏမှာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ လက်လုပ်လက်စား ၆၁၅၆ ဦးက ချေးငွေကျပ် ၄၁၃၀၂၅၀၀၀၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ လက်လုပ်လက်စား ၇၆၅၄ ဦးက ချေးငွေကျပ် ၂၄၉၉၈၀၀၀၀၊ ခရမ်းမြို့နယ်၌ တောင်သူလယ်သမားနှင့် လက်လုပ်လက်စား ၁၂၂၅၀ ဦးက ချေးငွေ ကျပ် ၄၆၆၉၈၆၀၀၀၀ ဖြစ်သည်။ တောင်သူလယ်သမားများ၊ လက်လုပ်လက်စားများသည် ၎င်းချေးငွေများဖြင့် တောင်ယာလုပ်ငန်း၊ လုပ်ငန်းမျိုးစုံ ဆောင်ရွက်လျက် ဆင်းရဲမှုလျှော့ချရေး၊ ရပ်ကွက်၊ ကျေးရွာအလိုက် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို လက်တွေ့ကျကျ ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စင်ကာပူသမ္မတနိုင်ငံ သမ္မတက တည်ခင်းဧည့်ခံသည့် ညစာစားပွဲတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။ (သတင်းစဉ်)

❒ *ကျောဖုံးမှ*

ဆက်သွယ်မှုများသည် နီးစပ်ပြီး ပိုမိုကျယ်ပြန့်လာခဲ့သကဲ့သို့ အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုသည်လည်း အထူးကောင်းမွန်လျက်ရှိပါကြောင်း၊ လွန်ခဲ့သည့်နှစ်များအတွင်း မြန်မာနိုင်ငံမှ အတတ်ပညာရှင်များ၊ ကျောင်းသားများနှင့် ခရီးသွားများ စင်ကာပူနိုင်ငံသို့ ပိုမိုရောက်ရှိလာသည့်အတွက် နှစ်နိုင်ငံအကြား ပြည်သူများ၏ ကူးလူးဆက်သွယ်မှုများသည်လည်း တိုးမြင့်လာခဲ့ပါကြောင်း။

အဆွေတော်သမ္မတကြီး၏ ခရီးစဉ်သည် မိမိတို့နှစ်နိုင်ငံအကြား ဆက်ဆံရေးကို အခန်းကဏ္ဍသစ်တစ်ရပ် ဖွင့်လှစ်လိုက်ခြင်းပင်ဖြစ်ပါကြောင်း၊ ယနေ့တွင် မိမိတို့နှစ်နိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးများသည် စင်ကာပူ-မြန်မာနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအတွက် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါကြောင်း၊ စင်ကာပူ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်စတင်သော ၁၉၉၂ ခုနှစ်မှ ယနေ့အထိ စင်ကာပူနိုင်ငံသည် နယ်ပယ်ပေါင်းစုံမှ မြန်မာအရာရှိပေါင်း ၇၅၀၀အတွက် နည်းပညာဆိုင်ရာအထောက်အပံ့များကို ပံ့ပိုးပေးနိုင်ခဲ့ပါကြောင်း၊ ယခုလက်မှတ်ရေးထိုးခဲ့သည့် နားလည်မှုစာချွန်လွှာပါအတိုင်း မြန်မာနိုင်ငံ၏ စွမ်းရည်မြှင့်တင်ရေးကြိုးပမ်းမှုတွင် စင်ကာပူနိုင်ငံမှ ပံ့ပိုးကူညီသွားမည်ဖြစ်ပြီး ဒီမိုကရေစီ ရှင်သန်ရေးတွင်လည်း မြန်မာနိုင်ငံကို ဆက်လက်ထောက်ခံသွားမည်ဖြစ်ပါကြောင်း။

ပိုမိုတိုးတက်ဖွံ့ဖြိုးရေး

မြန်မာနိုင်ငံသည် နိုင်ငံတကာအသိုက်အဝန်းနှင့် ပေါင်းစည်းလာသည်နှင့်အမျှ မိမိတို့နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် စီးပွားရေးလုပ်ငန်းအချင်းချင်းဆက်သွယ်မှုများသည် ပိုမိုခိုင်မြဲလာမည်ဟု မျှော်လင့်ပါကြောင်း၊ စင်ကာပူစီးပွားရေးလုပ်ငန်းများနှင့် ကုမ္ပဏီများသည် ၁၉၉၀ ခုနှစ်မှစပြီး မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံခဲ့ကြပါကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံများနှင့် ဥပဒေဆိုင်ရာ မူဘောင်များ ဖွံ့ဖြိုးလာသည်နှင့်အမျှ မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုများ ပိုမိုများပြားလာမည်ဟု မိမိတို့အနေဖြင့် အထူးယုံကြည်ပါကြောင်း၊ အရှေ့တောင်အာရှရှိ အခြားနိုင်ငံများကဲ့သို့ မြန်မာနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့သည် ၂၀၁၅ ခုနှစ်တွင် အာဆီယံအသိုက်အမြုံ တည်ဆောက်ရေးဆိုသည့် တူညီသော မျှော်မှန်းချက်ရှိကြပါကြောင်း၊ မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ်တွင် အာဆီယံ ဥက္ကဋ္ဌရာထူးကို တာဝန်ယူမည်ဖြစ်ရာ စင်ကာပူသည် မြန်မာနိုင်ငံနှင့်အတူ ဆက်လက်အနီးကပ်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ မိမိတို့နိုင်ငံများအတွင်းရှိ ပြည်သူများ ပိုမိုတိုးတက်ဖွံ့ဖြိုးရေးကို ဦးတည်လုပ်ဆောင်သွားမည် ဖြစ်ပါကြောင်း။

မိမိတို့နှစ်နိုင်ငံ၏ ဆက်ဆံရေးသည် လာမည့်နှစ်များတွင် ပိုမိုတိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရန်၊ စည်ပင်ဝပြောရန်နှင့် နှစ်နိုင်ငံအကြား အလွှာပေါင်းစုံအတွင်း ပေါင်းစည်းမှုများပိုမိုခိုင်မာစေရန် ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယနေ့နံနက်ပိုင်းက မိမိတို့အနေဖြင့် ဒေသတွင်းနှင့် နှစ်နိုင်ငံကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်နိုင်ခဲ့ပါကြောင်း၊ အထူးသဖြင့် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်ရေးနှင့် ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးတို့ ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၌ ဖြစ်ပေါ်နေသည့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့်ပတ်သက်၍ စင်ကာပူနိုင်ငံက အားရကျေနပ်ကြောင်းနှင့် မိမိတို့ရည်မှန်းချက် ထမြောက်အောင်မြင်အောင် ဆောင်ရွက်နေမှုများကို ထောက်ခံကြောင်းဖြင့် အဆွေတော်က ပြောကြားသည့်အတွက် များစွာဝမ်းမြောက်မိပါကြောင်း။

ဒီမိုကရေစီနိုင်ငံ

ယခုအချိန်သည် မိမိတို့နိုင်ငံအတွက် အရေးကြီးသည့်အချိန်အခါကျရောက်နေပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့ရည်မှန်းချက်များပြည့်မီလာအောင် ဆောင်ရွက်နေမှုများကို အပြည့်ပြည့်ဆိုင်ရာအသိုက်အဝန်းအနေဖြင့် အားပေးထောက်ခံသင့်ပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် မိမိတို့နေထိုင်နေသောကမ္ဘာကြီးတွင် နုနယ်သေးသည့် ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံ ပေါ်ထွန်းလာခြင်းကြောင့်ဖြစ်ပါကြောင်း။

လက်ရှိအခြေအနေများကို ပိုမိုကောင်းမွန်အောင်ဆောင်ရွက်သည့်အနေဖြင့် ယမန်နှစ် မတ်လ ၃၀ရက်တွင် မိမိတို့နိုင်ငံအနေဖြင့် ကဏ္ဍသစ်တစ်ရပ်ကို ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဆယ်စုနှစ် နှစ်စုကျော်ကြာအောင် ကြိုးပမ်းမျှော်လင့်တည်ဆောက်ခဲ့သည့် အကျိုးရလဒ်အဖြစ် ယနေ့တွင် ဒီမိုကရေစီစနစ် ကျင့်သုံးသည့် အစိုးရသစ်တစ်ရပ် ပေါ်ပေါက်လာခဲ့ပြီဖြစ်ပါကြောင်း။

ယနေ့မြန်မာနိုင်ငံတွင် ပြည်သူရွေးချယ်သည့် အစိုးရတစ်ရပ်ရှိနေပြီဖြစ်ပါကြောင်း၊ ဒီမိုကရေစီ၏ ခက်မသုံးဖြာဖြစ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုသည့် မဏ္ဍိုင်ကြီးသုံးခု ပေါ်ထွန်းနေပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မှန်ကန်စွာ လည်ပတ်နေပြီဖြစ်ပါကြောင်း၊ယခုအချိန်တွင် သိသာထင်ရှားသော ပြည်တွင်းနှင့်ပြည်ပဆက်ဆံရေးများ များစွာရှိလာခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့် ကောင်းမွန်သည့်အနာဂတ်ကို ပြည်သူများအား ပေးသွားလိုပါကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူများကို ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကြိုးပမ်းမှုတွင် ပါဝင်စေလိုပါကြောင်း၊ မိမိတို့အနေဖြင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ရှင်သန်ထွန်းကားလာသည်ကို တွေ့မြင်လိုပါကြောင်း။

ဒီမိုကရေစီစနစ်ပြောင်းလဲရာတွင် စိန်ခေါ်မှုများစွာရှိသည်ကို မိမိတို့အားလုံးအသိပင်ဖြစ်ပါကြောင်း၊ သို့ရာတွင် ဒီမိုကရေစီလမ်းကြောင်းမှန်ပေါ် ရောက်ရှိနေသည့် မိမိတို့အနေဖြင့် အဆိုပါစိန်ခေါ်မှုများကို သတိထားကျော်လွှားပြီး ရည်မှန်းချက်ပန်းတိုင်သို့ ရောက်သည်အထိ ရှေ့ဆက်လျှောက်လှမ်းနေမှာဖြစ်ပါကြောင်း။

အခိုင်အမာဆုံးဖြတ်ထား

မိမိသည် နိုင်ငံတော်သမ္မတတာဝန်ကို ထမ်းဆောင်နေသည့်ကာလအတွင်း၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ မိမိကိုအပ်နှင်းထားသည့် အာဏာနှင့်အညီ မြန်မာနိုင်ငံတွင် ကောင်းမွန်သည့်ဒီမိုကရေစီစနစ် ထွန်းကားလာအောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဟု အခိုင်အမာဆုံးဖြတ်ထားပါကြောင်းဖြင့် ပြောကြားသည်။

(သတင်းစဉ်)

စင်ကာပူသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ တိုနီတန်ကင်ယမ်းက စင်ကာပူမြို့ Istana သမ္မတအိမ်တော် Banquet Hall၌ ကျင်းပသည့် ညစာစားပွဲတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စင်ကာပူသမ္မတက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကွယ်လွန်သူ ဦးကြည်ထွဏ်း(စာရေးဆရာထန်လှိုင်)တရားရုံးချုပ်ရှေ့နေ (၂)နှစ်ပြည့်အား ရည်စူး၍ ရန်ကုန်မြို့နေ ဇနီးနှင့် သားသမီးများဖြစ်ကြသော ဒေါက်တာလွှမ်းမိုးဟန်၊ သမီး ဒေါက်တာခင်လပြည့်ထွဏ်း မိသားစုက တွံတေးမြို့နယ် မိဘဂုဏ်ဘိုးဘွားရိပ်သာဆေးပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းကို ရိပ်သာအတွင်းရေးမှူး ဦးမြသိန်းထံလှူဒါန်းစဉ်။ (ဝ၀၉)

တမူးမြို့၌ ကင်ဆာရောဂါအကြောင်း ပညာပေးဟောပြော

တမူး ဖေဖော်ဝါရီ ၁

တမူးခရိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့်ကျန်းမာရေးဦးစီးဌာနတို့က ကြီးမှူး၍ အမျိုးသမီးများနှင့်ပတ်သက်သော ကင်ဆာရောဂါအကြောင်း ပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၅ ရက် နံနက် ၉ နာရီက တမူးမြို့၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့ဆေးရုံခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာအောင်မျိုးတင့်က အမျိုးသမီးများတွင် ဖြစ်ပွားတတ်သော ရင်သားကင်ဆာအကြောင်း၊ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး ဒေါက်တာကျော်စည်သူက သားအိမ်ခေါင်းကင်ဆာအကြောင်းနှင့် GLAXO SMITH KUNE ဆေးကုမ္ပဏီမှ ဒေါက်တာဆန်းနိုင်ဦးက သားအိမ်ခေါင်းကင်ဆာ ကာကွယ်ဆေးများအကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။ **(၁၅၈)**

ဇီဝမျိုးစုံမျိုးကွဲကြွယ်စေဖို့ သဘာဝတောတွေထိန်းကြစို့

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂-၂-၂၀၁၂ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၅ ၁။ တရားတော်
၈း၀၀ ၂။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၅ ၃။ ဇာတ်လမ်းတို

ညပိုင်း

၄း၂၀ ၁။ ချစ်သူစုံတွဲတူယှဉ်နွဲ့
၄း၄၀ ၂။ မွေးမြူသုတ
၅း၀၅ ၃။ ကြိုတင်တားဆီး ရန်သူမီး
၅း၃၀ ၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မာယာနှုတ်ခမ်း** (အပိုင်း-၁၄၀)
၆း၀၀ ၅။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၃၀ ၆။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆း၄၅ ၇။ ကာတွန်းအစီအစဉ် **ရူပါဟမ်းစတား** (အပိုင်း-၂၁)
၇း၀၀ ၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်ခွန်းဖွဲ့သီ ချစ်သူဆီ** (အပိုင်း-၄၇)
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၁၀။ နိုင်ငံတကာသတင်း
၁၁။ မိုးလေဝသသတင်း
၁၂။ လှျပ်တစ်ပြက်
၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **တစ်နေ့သောအခါ** (အပိုင်း-၁၂)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် စင်ကာပူဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်းတို့ တွေ့ဆုံဆွေးနွေး နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် စင်ကာပူဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်းတို့သည် ဇန်နဝါရီ ၃၀ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် Istana သမ္မတအိမ်တော် West Drawing Room ၌ တွေ့ဆုံဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲတွင် စင်ကာပူနိုင်ငံမှ မြန်မာနိုင်ငံလူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ပညာရေးကဏ္ဍတွင် မြန်မာနိုင်ငံမှ ထူးချွန်ကျောင်းသားများအား ပညာသင်ဆုများထောက်ပံ့ပေးရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်နိုင်စေရန်၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရန်၊ ဘဏ်လုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်တို့အတွက် အထောက်အကူပြုစေမည့် မူဝါဒနှင့်ဥပဒေမူဘောင်များ ချမှတ်ခြင်းဆိုင်ရာသင်တန်းများ၊ လေ့လာရေးခရီးစဉ်များ ဆောင်ရွက်ခြင်းဖြင့် စင်ကာပူနိုင်ငံ၏အတွေ့အကြုံများကို မျှဝေသွားရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးခင်မင်စွာ ဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် စင်ကာပူဝန်ကြီးချုပ်တို့သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် စင်ကာပူသမ္မတနိုင်ငံတို့အကြား နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတနှင့် စင်ကာပူဝန်ကြီးချုပ်တို့၏ ရှေ့မှောက်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရကိုယ်စား နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် စင်ကာပူသမ္မတနိုင်ငံကိုယ်စား စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့်ဥပဒေရေးရာဝန်ကြီး Mr.K Shanmugam တို့က နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များအား စင်ကာပူဝန်ကြီးချုပ်က Istana သမ္မတအိမ်တော် Banquet Hall ၌ နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စင်ကာပူဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်းအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

တွေ့ဆုံဆွေးနွေး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် စင်ကာပူဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်းတို့ စင်ကာပူမြို့ Istana **သမ္မတအိမ်တော် West Drawing Room ၌ တွေ့ဆုံဆွေးနွေးကြစဉ်။** (သတင်းစဉ်)

နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် စင်ကာပူဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်းတို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် စင်ကာပူသမ္မတနိုင်ငံတို့အကြား နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်ကြစဉ်။ (သတင်းစဉ်)

ဦးအေးခိုင်အား နီပေါနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ်ခန့်အပ်

နေပြည်တော် ဖေဖော်ဝါရီ ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဦးအေးခိုင်အား နီပေါဖယ်ဒရယ် ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီး ဖြစ်သည်။ **(သတင်းစဉ်)**

ကလောမြို့နယ်၌ တောင်သူပညာပေးဆွေးနွေး

ကလော ဖေဖော်ဝါရီ ၁

ကလောမြို့နယ် အထူးပြုစိုက်ပျိုးရေး သင်တန်းကျောင်း (အောင်ပန်း)၏ ဟဲဟိုး ဗဟိုစိုက်ပျိုးရေးခြံ သင်တန်းခန်းမတွင် စပ်မျိုးစပါးပြောင်းလဲစိုက်ပျိုးရေးအတွက် တောင်သူပညာပေးဆွေးနွေးပွဲကို ဇန်နဝါရီ ၅ ရက် နံနက် ၉ နာရီက ကျင်းပရာ အခမ်းအနားသို့ ပြည်နယ်မန်နေဂျာ ဦးအောင်ခင်၊ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာများ၊ မြို့နယ်မန်နေဂျာနှင့် ခြံမန်နေဂျာများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် ဟဲဟိုးကျေးရွာအုပ်စုမှ တောင်သူလယ်သမားများ အင်အား ၃၀၀ ခန့် တက်ရောက်သည်။ အခမ်းအနားတွင် ပြည်နယ်မန်နေဂျာက သိပ္ပံနည်းကျစပါးစိုက်ပျိုးနည်းအကြောင်း ရှင်းလင်း၍ တာဝန်ခံအသီးသီးက ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(စိုက်ပျိုးရေး)**

ကရင်ဒီမိုကရက်တစ်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၉/၂၀၁၂)

၁၃၇၃ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်
(၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်)

ကရင်ဒီမိုကရက်တစ်ပါတီအား
နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ အမှတ်(၉)ရပ်ကွက် (ရေကျော်)၊ ဗိုလ်ချုပ်လမ်းမကြီး၊ အမှတ်(၂၅၄)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော ကရင်ဒီမိုကရက်တစ်ပါတီအား ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

ကရင်ဒီမိုကရက်တစ်ပါတီ၏ မှတ်ပုံတင်အမှတ်မှာ (၅၁)ဖြစ်ပါသည်။

အမိန့်အရ

(ဝင်းကို)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မြန်မာနိုင်ငံအထက်ပိုင်းဒေသများ ညအပူချိန်လျော့နည်းမည်

နေပြည်တော် ဖေဖော်ဝါရီ ၁

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ ညအပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ၊ မန္တလေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ ပူတာအိုမြို့၊ ဟားခါးမြို့နှင့် ပင်လောင်းမြို့တို့တွင် ၂ ဒီဂရီစင်တီဂရိတ်စီ၊ နမ့်စန်မြို့နှင့် ဟဲဟိုးမြို့တို့တွင် ၃ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်- တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်ဆက်လက်လျော့နည်းနေမည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား စင်ကာပူသမ္မတနိုင်ငံ ဂုဏ်ထူးဆောင်ဝါရင့်ဝန်ကြီး မစ္စတာဂိုချောက်တောင်က နံနက်စာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဖေဖော်ဝါရီ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်အား စင်ကာပူသမ္မတနိုင်ငံ ဂုဏ်ထူးဆောင်ဝါရင့်ဝန်ကြီး မစ္စတာဂိုချောက်တောင်က ဇန်နဝါရီ ၃၀ရက် နံနက် ၈ နာရီခွဲတွင် စင်ကာပူမြို့ ရှန်ဂရီလာဟိုတယ် Valley Wing ရှိ State Room ၌ နံနက်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါဧည့်ခံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်တို့ တက်ရောက်ကြပြီး စင်ကာပူသမ္မတနိုင်ငံ ဂုဏ်ထူးဆောင်ဝါရင့်ဝန်ကြီးနှင့်အတူ စင်ကာပူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး H.E.Mr. Khaw Boon Wan၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး H.E. Mr. Robert Chua နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

တည်ခင်းဧည့်ခံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား စင်ကာပူသမ္မတနိုင်ငံ ဂုဏ်ထူးဆောင်ဝါရင့်ဝန်ကြီး မစ္စတာ ဂိုချောက်တောင်က စင်ကာပူမြို့ ရှန်ဂရီလာဟိုတယ် Valley Wing ရှိ State Room ၌ နံနက်စာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးလှမင်းအား Mr. Tomas Ojea Quintana လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးလှမင်းအား မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr. Tomas Ojea Quintana သည် ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကျော်ညွန့်နှင့် ဗိုလ်မှူးကြီးအောင်သော်တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး လှမင်းအား မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr. Tomas Ojea Quintana လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ကျောက်တန်းမြို့ အရှေ့ပိုင်းရပ်ကွက် ကမ်းနားလမ်းနေ ဦးညွန့်ဦး (အရှေ့ပိုင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး)-ဒေါ်အေးအေးသန်း မိသားစုတို့က ကျောက်တန်း ဘိုးဘွားရိပ်သာ နာမကျန်းဆောင်၊ ဘိုးဘွားများတစ်နေ့တာ အာဟာရ၊ အသောက ကုသိုလ်ဖြစ်ဆေးခန်းနှင့် မီးသဂြိုဟ်စက်လမ်း ကွန်ကရစ်ခင်းရန်တို့အတွက် စုစုပေါင်း အလှူငွေကျပ် ၄၄၀၀၀၀ လှူဒါန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျနှင့် ဘိုးဘွားရိပ်သာဥက္ကဋ္ဌ ဦးထွန်းလှရွှေတို့ လက်ခံစဉ်။ (မြို့နယ် ပြန်/ဆက်)

နေပြည်တော် ဖေဖော်ဝါရီ ၁

ဘုတလင်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၆၀)ပြည့် ဆရာကြီး၊ ဆရာမကြီးများအား ဒုတိယအကြိမ် အာစရိယပူဇော်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၉ ရက် နံနက်ပိုင်းတွင် အဆိုပါကျောင်း ပညာရတနာခန်းမ၌ကျင်းပရာ

ဘုတလင်၊ ရွှေဘို၊ ဝက်လက်နှင့် အရာတော်မြို့နယ်တို့၌ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးစစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့် ဇနီးဒေါ်ဝေဝေခိုင်၊ ကျောင်းသား ကျောင်းသူများ၊ အလှူရှင်များ တက်ရောက်ကြပြီး ဆရာကြီး၊ ဆရာမကြီးများအား ကန်တော့ချီးဖြင့် ကန်တော့ကြကာ ဆရာကြီး၊ ဆရာမကြီးများအား ကန်တော့ပစ္စည်းများဖြင့် ကန်တော့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး "အေးရိပ်ဝေ" မိသားစုနှင့် အလှူရှင်များက အာစရိယပွဲ ငွေပဒေသာပင် အလှူငွေများကို လှူဒါန်းကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တောဝေးကျေးရွာ၊ မြို့ပေါ်ကျေးရွာနှင့် ဇီးတောကျေးရွာတို့မှ ဒေသခံပြည်သူများအားတွေ့ဆုံ၍ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ရေရရှိရေးလုပ်ငန်းများကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဇန်နဝါရီ ၃၀ ရက် နံနက်ပိုင်းတွင် ရွှေဘိုမြို့နယ်၌ ရွှေတောင်ကုမ္ပဏီက တာဝန်ယူဖောက်လုပ်နေသည့် အုန်းတော-ရွှေဘို လမ်းပိုင်း လမ်းဘေးဝဲ/ယာ ရေမြောင်းတူးဖော်နေမှုနှင့် ဝက်လက်မြို့နယ် ရွှေကျင်ကျေးရွာ၌ သာသနာပိုင်အဆောက်အအုံ ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် စီးပွားရေးလုပ်ငန်း လိုအပ်ချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် အရာတော်-ဘောင်းကျလမ်းနှင့် နောင်ကြီးအိုင်-သာစည်လမ်း ဖောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဟိုတယ်ဝန်ထမ်းအားလုံး၏ ဝန်ဆောင်မှု အရည်အသွေးကောင်းမွန်ရေးအဓိကလိုအပ်

နေပြည်တော် ဖေဖော်ဝါရီ ၁

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်သည် ယနေ့နံနက် ၈ နာရီတွင် ဝန်ကြီးဌာနက ကြီးကြပ်၍ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (နေပြည်တော်)၏ ဦးဆောင်မှုဖြင့် ဖွင့်လှစ်သင်ကြားနေသော ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှု သင်တန်းများ အမှတ်စဉ်(၄/၂၀၁၂) ၏ ဟိုတယ်အိပ်ခန်းဆောင် ထိန်းသိမ်းရေးသင်တန်း ဖွင့်လှစ်သင်ကြားပေးနေသည့် မင်္ဂလာသီရိဟိုတယ်သို့ ရောက်ရှိပြီး သင်တန်းခန်းမ၌ သင်ကြားပေးနေသည့် သင်တန်းနည်းပြဆရာများ၊ သင်တန်းသားသင်တန်းသူများအားတွေ့ဆုံ၍ သင်တန်းဖွင့်လှစ်သင်ကြားပေးနေမှုကို လည်းကောင်း၊ နံနက် ၈ နာရီခွဲတွင် ဟိုတယ်ဧည့်ကြိုလုပ်ငန်းသင်တန်း သင်ကြားပေးနေသည့် တုံဂပူရိဟိုတယ်သို့ရောက်ရှိပြီး သင်တန်း၌ သင်ကြားပို့ချနေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းသို့ ကြည့်ရှုစစ်ဆေးရာတွင် ဒုတိယဝန်ကြီးက နေပြည်တော်ရှိ ဟိုတယ်များသည် အချိန်တိုကာလအတွင်း ဖြစ်ပေါ်တိုးတက်လာခြင်းဖြစ်ကြောင်း၊ ဟိုတယ်များ၏ အသွင်အပြင်နှင့် အသုံးအဆောင်များမှာလည်း ထိုက်သင့်သည့် အဆင့်ရှိကြောင်း၊ အဓိကလိုအပ်သည်မှာ ဟိုတယ်တွင်ရှိသည့် ဝန်ထမ်းအားလုံး၏ ဝန်ဆောင်မှုအရည်အသွေးကောင်းမွန်ရေးပင်ဖြစ်ကြောင်း၊ ထို့အတွက် ဝန်ကြီးဌာနသည်နေပြည်တော်ရှိဟိုတယ်များမှ ဝန်ထမ်းများအား လိုအပ်သည့်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေခြင်းဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် စာတွေ့လက်တွေ့ သင်ခန်းစာများကိုအပတ်တကုတ် ကြိုးစားသင်ယူရန်အလေးထား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင် ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်းများ အမှတ်စဉ် (၄/၂၀၁၂)၏ ဟိုတယ်အိပ်ခန်းဆောင် ထိန်းသိမ်းရေးသင်တန်း ဖွင့်လှစ်သင်ကြားပေးနေသည့် မင်္ဂလာသီရိဟိုတယ်၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား စင်ကာပူသမ္မတနိုင်ငံ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး H.E. Mr. Khaw Boon Wan စင်ကာပူသမ္မတနိုင်ငံ ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ စင်ကာပူသမ္မတနိုင်ငံသို့ ရောက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် စင်ကာပူသမ္မတနိုင်ငံ သမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်း၏ ဖိတ်ကြားချက်အရ စင်ကာပူသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် အဖွဲ့ဝင်များ လိုက်ပါလျက် ဇန်နဝါရီ ၂၉ ရက် နံနက် ၉ နာရီတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် နေပြည်တော်မှ စင်ကာပူသမ္မတနိုင်ငံသို့ ထွက်ခွာကြသည်။

ရောက်ရှိ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဇနီး ဒေါ်ခင်ခင်ဝင်းတို့နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီး ဒေါ်လင်းလင်းတင်၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ရန်ကုန်မြို့တော်ဝန် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလာသည့် အထူးလေယာဉ်သည် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် စင်ကာပူသမ္မတနိုင်ငံ ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

နိုင်ငံတော်သမ္မတနှင့် ဇနီးတို့အား စင်ကာပူသမ္မတနိုင်ငံ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး H.E. Mr. Khaw Boon Wan နှင့် ဇနီး၊ စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်ဦးလွင်နှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး H.E. Mr. Robert Chua နှင့် ဇနီး၊ စင်ကာပူနိုင်ငံ သံတမန်ရေးရာဦးစီးဌာန အကြီးအကဲ Mr.Lim Cheng Hoe၊ မြန်မာသံရုံးဝန်ထမ်းများနှင့် မိသားစုများက လေဆိပ်တွင် ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် စင်ကာပူမြို့ ရှန်ဂရီလာဟိုတယ်သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

- တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် ပြည်ထောင်စုကြီး ထာဝရအဓွန့်ရှည်တည်တံ့ခိုင်မြဲအောင် တည်ဆောက်ရေး။
- ဒို့တာဝန်အရေးသုံးပါးကို ပြည်ထောင်စုသားအားလုံးက အစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။
- တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားအောင် ဖော်ဆောင်ရေး။
- ပြည်ထောင်စုတိုင်းရင်းသားအားလုံးအတွက် ထာဝရငြိမ်းချမ်းမှုရရှိအောင် ကြိုးပမ်းဆောင်ရွက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီကို ကျင့်သုံးပြီး ပြည်ထောင်စုကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

ကုန်သည်/စက်မှုလက်မှု အသင်းချုပ် ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ကြီးမှူးကျင်းပသော ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲကို ဖေဖော်ဝါရီ ၄ ရက် (စနေနေ့)တွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ်(၂၉)ရှိ UMFCCI Office Tower (ပထမထပ်)ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ယင်းဟောပြောပွဲတွင် ဒေါက်တာဦးမင်းသိန်း(ရုက္ခဗေဒပညာရှင်)က The Potential of Micro-Algae to Restore the Planet Earth ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ပြီး စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရှိရသည်။

(ကုန်သည်/စက်မှုအသင်းချုပ်)

ပညာရေးစုံညီပွဲတော် သာပေါင်းမြို့နယ်၌ ကျင်းပ

သာပေါင်း ဖေဖော်ဝါရီ ၁

၂၀၁၁-၂၀၁၂ ပညာသင်နှစ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ပညာရေးစုံညီပွဲတော်နှင့် ဆုနှင်းသဘင်အခမ်းအနားကို သာပေါင်းမြို့တွင် ဇန်နဝါရီ ၃ ရက်က ကျင်းပသည်။ အခမ်းအနားတွင် ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် ကျောင်းသားမိဘများက မြို့နယ်ပညာရေးမှူး ဒေါ်ဝင်းဝင်းချိုနှင့် ကျောင်းအုပ်ဆရာကြီး ဦးမြင့်အောင်တို့အား ကျောင်း၏သင်ကြားမှုအတွက်နှင့် မီဒီယာလုပ်ငန်းတိုးမြှင့်ရန်အတွက် ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများလှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)**

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် – စုစည်းသည်



နျူကလီးယားယိုစိမ့်မှုဖြစ်ပွားနိုင်သည့် ကယ်လီဖိုးနီးယားရှိနျူစက်ရုံ ပိတ်လိုက်ရ

လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၁

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တောင်ပိုင်းရှိ ဆန်အိုဒိုဖရီ နျူကလီးယားဓာတ်အားပေးစက်ရုံ **(အပေါ်ပုံ)**တွင် နျူကလီးယားယိုစိမ့်မှုဖြစ်ပွားနိုင်သည့်အခြေအနေကြောင့် ဇန်နဝါရီ ၃၁ ရက် မွန်းလွဲပိုင်းမှစတင်ကာ ပိတ်ထားလိုက်ကြောင်း အမေရိကန်အရာရှိများက ပြောကြားသည်။

အဆိုပါ နျူကလီးယားဓာတ်အားပေးစက်ရုံ၏ အမှတ် (၃)ဓာတ်ပေါင်းဖိုနှင့်ချိတ်ဆက်ထားသောပြွန်တစ်ခုတွင် ယိုစိမ့်မှုများဖြစ်ပွားနိုင်သည်ကို တွေ့ရှိခဲ့ရပြီးနောက် ၎င်းနျူကလီးယားဓာတ်အားပေးစက်ရုံကို ပိတ်ပစ်ရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်ကြောင်း ဆောက်သန်းကယ်လီဖိုးနီးယား အီဒီဆင်လုပ်ငန်းမှ တာဝန်ရှိသူများက ပြောကြားသည်။

လောလောဆယ်အခြေအနေတွင် စက်ရုံအလုပ်သမားများနှင့် အနီးဝန်းကျင်ရှိ ပြည်သူများကို တစ်စုံတစ်ရာအန္တရာယ်ဖြစ်စေမည့် အနေအထားမရှိကြောင်း၊ ထို့အပြင် လေထုအတွင်း နျူကလီးယားဓာတ်ရောင်ခြည်လွင့်ပျံ့မှုလည်း မရှိကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

လာမည့်မိုးရာသီ၌ ရေလွှမ်းမှုမဖြစ်ရေး ထိုင်းနိုင်ငံရှိ ရေကာတာများပြုပြင်မည်

ဗန်ကောက် ဖေဖော်ဝါရီ ၁

ထိုင်းနိုင်ငံမြောက်ပိုင်းရှိ ဆီရီကစ်ရေကာတာအား လာမည့်မိုးရာသီတွင် ပိုမိုခံနိုင်ရည်ရှိရန်နှင့် ရေလွှမ်းမှုမှကာကွယ်ရန်အပြင် ၎င်းရေကာတာ ပျက်စီးမှုမဖြစ်ပေါ်စေရန် ပြုပြင်ရမည်ဖြစ်ကြောင်း ထိုင်းသတင်းဌာန အမ်ကော့မှ ဖေဖော်ဝါရီ ၁ ရက်က သတင်းထုတ်ပြန်သည်။

တည်ရှိ

ဆီရီကစ်ရေကာတာ **(ယာပုံ)**သည် ထိုင်းနိုင်ငံမြောက်ပိုင်း ဥတရာဒစ်ပြည်နယ်တွင်တည်ရှိပြီး ထိုင်းနိုင်ငံတွင် အကြီးဆုံးရေကာတာကြီးတစ်ခုလည်း ဖြစ်သည်။ ၎င်းရေကာတာ၏ ၅၀ ရာခိုင်နှုန်းမှာ ပြုပြင်ရမည့် အနေအထားရှိသည်။ ဆီရီကစ်ရေကာတာမှ ရေစီးဆင်းမှုအနေအထား ပိုမိုကောင်းမွန်စေရန် ပြင်ဆင်ရမည်ဖြစ်ရာ တစ်နေ့လျှင် ၎င်းရေကာတာမှ ရေစီးဆင်းမှုပမာဏမှာ ကုဗမီတာ သန်း ၅၀ အထိ စီးဆင်းနိုင်ရန် ပြင်ဆင်မည်ဖြစ်သည်။ ထိုင်းနိုင်ငံအတွင်း အခြားအဓိကကျသည့် ရေကာတာများကိုလည်း လာမည့်နှစ် မိုးရာသီမတိုင်မီ အပြီးပြင်ဆင်သွားရန် အစိုးရက စီစဉ်လျက်ရှိသည်။ **(အင်တာနက်)**

မလေးရှားတွင် တစ်နေ့ကားစီးရေ ၁၅၀ ခန့်အခိုးခံနေရ

ပီတာလန်ဂျာယာ ဖေဖော်ဝါရီ ၁

မလေးရှားနိုင်ငံတစ်ဝန်းတွင် တစ်နေ့လျှင် မော်တော်ယာဉ်အစီးပေါင်း ပျမ်းမျှ ၁၅၀ ခန့် အခိုးခံနေရကြောင်း၊ ယင်းကားများတွင် ပရိုတွန်နှင့် ပီရိုဒူရာ ကားအမျိုးအစား အများဆုံးဖြစ်ကြောင်း မလေးရှားနိုင်ငံ ဗဟိုစုံစမ်းစစ်ဆေးရေးအဖွဲ့ ဒါရိုက်တာ ဘက်ရီဇိုင်နင်က ဖေဖော်ဝါရီ ၁ ရက်၌ ပြောကြားသည်။

၂၀၁၀ ခုနှစ်မှ ယခုအချိန်အထိ ပရိုတွန်နှင့် ပီရိုဒူရာ အမျိုးအစားများမှာ အစီးရေ ၁၁၂၅၀၃ စီးအခိုးခံခဲ့ရသည်။ ကားခိုးသူများသည် မော်ဒယ်အသစ်ကားများကိုခိုးယူသလို ကားအဟောင်းများကိုလည်း ခိုးယူကြကြောင်း ၎င်းက ပြောကြားသည်။ မလေးရှားနိုင်ငံ၌ ၂၀၁၀ ခုနှစ်အတွင်း ကားမျိုးစုံစီးရေ ၅၇၄၆၂ စီးခိုးယူခြင်းခံရပြီး ၂၀၁၁ ခုနှစ်အစမှ စက်တင်ဘာလအထိ ကားအစီးရေ ၅၅၀၄၂ စီး အခိုးခံခဲ့ရသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ထိုသို့ခိုးယူရာတွင် တိုယိုတာဟိုင်းလပ်အမျိုးအစားကားများကို အရှေ့အလယ်ပိုင်းဒေသသို့ တင်ပို့ရောင်းချရန်အတွက် ခိုးယူကြခြင်းဖြစ်သည်ဟု ယူဆရကြောင်း ၎င်းကဆိုသည်။ **(အင်တာနက်)**



ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ဆက်လက်ကျင်းပ

၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ရှင်းလင်းတင်ပြ

နေပြည်တော် ဖေဖော်ဝါရီ ၁

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန် အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ စတင်ကျင်းပရာ ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် (၅၈၆)ဦးတို့ တက်ရောက်ကြသည်။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။ (သတင်းစဉ်)

အစည်းအဝေး၌ နိုင်ငံတော်၏ အမျိုးသားစီမံကိန်းဥပဒေကြမ်းများ၊ ၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့် ၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ရှင်းလင်းတင်ပြကြသည်။

သား၊ ငါးကဏ္ဍနှင့်စပ်လျဉ်း၍ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ဝန်ကြီးဌာန၏ စီမံကိန်းလျာထားချက်များဖြစ်သည့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်စီမံကိန်း(မူကြမ်း)၊ ရည်မှန်းချက်များနှင့် လုပ်ငန်းစဉ်များ၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် စီမံကိန်း (မူကြမ်း)၊ ရည်မှန်းချက်များနှင့်လုပ်ငန်းစဉ်များ၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်၏ ရသုံးမှန်းခြေငွေစာရင်းများ၊ သာမန်ရငွေနှင့် အသုံးစရိတ်၊ ငွေလုံးငွေရင်းကဏ္ဍရငွေ၊ သုံးငွေစာရင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် တင်ပြထားသည့် ရငွေ၊ သုံးငွေစာရင်းများ၊ ရငွေ အသုံးစရိတ်စာရင်း(သာမန်)မှ ရငွေ၊ သုံးငွေစာရင်း၊ ငွေလုံးငွေရင်း အသုံးစရိတ်နှင့် ကြွေးမြီကဏ္ဍတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်သွယ်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ဆက်သွယ်ရေးကဏ္ဍ၏ ရည်မှန်းချက်များဖြစ်သည့် အသားတင်ဝန်ဆောင်မှုတန်ဖိုး (၂၁ ဒသမ ၂) ရာခိုင်နှုန်းတိုးတက်စေရန်နှင့် တယ်လီဖုန်းလုံးရေ(၂၂၂၈၆၇၉)နှင့် တယ်လီဖုန်းသိပ်သည်းဆ (၄ ဒသမ ၂၈) ရာခိုင်နှုန်းအထိ တိုးတက်စေရန်နှင့် အင်တာနက်သုံးစွဲသူ (၅)သိန်းအထိ တိုးတက်စေရန် ဆောင်ရွက်နေမှု၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ရည်မှန်းချက်အဖြစ် အသားတင်ဝန်ဆောင်မှုတန်ဖိုး (၁၁၈)ရာခိုင်နှုန်းတိုးတက်စေရန်နှင့် တယ်လီဖုန်းလုံးရေ(၆၁၂၀၈၄၃)နှင့် တယ်လီဖုန်း သိပ်သည်းဆ (၁၁ ဒသမ ၇)ရာခိုင်နှုန်းအထိ တိုးတက်စေရန်နှင့် အင်တာနက်သုံးစွဲသူ(၁)သိန်းအထိ တိုးတက်စေရန်လျာထားမှု၊ ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် သာမန်နှင့် ငွေလုံးငွေရင်း ဖြည့်စွက်ခွင့်ပြု ရန်ပုံငွေတောင်းခံစာရင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် သာမန်ရငွေနှင့် အသုံးစာရင်း၊ ငွေလုံးငွေရင်း အသုံးစရိတ်တို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

စွမ်းအင်ကဏ္ဍနှင့် စပ်လျဉ်း၍ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသန်းဌေးက ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်းအတွက် ရှင်းလင်းချက်၊ သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်း အသုံးစရိတ် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေစာရင်းရှင်းလင်းချက်၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေစာရင်း ရှင်းလင်းချက်၊ ၂၀၁၁-၂၀၁၂ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ကြွေးမြီရငွေနှင့် အသုံးစရိတ် ရှင်းလင်းချက်၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်စာရင်း ရှင်းလင်းချက်တို့ကို ရှင်းလင်းတင်ပြသည်။

သတ္တုကဏ္ဍနှင့် စပ်လျဉ်း၍ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်က ၂၀၁၁-၂၀၁၂ နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် သတ္တုနှင့် တွင်းထွက်ပစ္စည်းများ တူးဖော်ထုတ်လုပ်မှုနှင့် ရသုံးခန့်မှန်းခြေ ငွေစာရင်းများကို ရှင်းလင်းတင်ပြသည်။

စက်မှုကဏ္ဍနှင့်စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသိန်းအောင်က ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ဆက်လက်ဆောင်ရွက်မည့် စီမံကိန်း(၁၀)ခုနှင့် ဝန်ကြီးဌာန၏ အရအသုံးခန့်မှန်းခြေ ငွေစာရင်းဆိုင်ရာများကိုလည်းကောင်း။

မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေးက နည်းပညာဖွံ့ဖြိုးမှု၊ စက်ရုံအရင်းအနှီး၊ စွမ်းအင်လိုအပ်ချက်နှင့် စက်မှုကုန်ကြမ်း လိုအပ်ချက်တို့ကို ကျော်လွှားနိုင်စေရန်နှင့် စက်မှုဖွံ့ဖြိုးရေးကဏ္ဍတွင် နိုင်ငံတော်က ကျင့်သုံးနေသော ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကကဏ္ဍ၊ အများပိုင်ကဏ္ဍ၊ ဖက်စပ်ပိုင်ကဏ္ဍနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍတို့မှ ကျယ်ကျယ်ပြန့်ပြန့်ပါဝင်သည့် အမျိုးသားစက်မှုဖွံ့ဖြိုးရေးအခြေအနေကို ဖန်တီးနိုင်ရန် ရည်ရွယ်၍ မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာနကိုဖွဲ့စည်းပြီး လုပ်ငန်းစဉ်များချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ စက်မှုဖွံ့ဖြိုးရေးလုပ်ငန်းကဏ္ဍကြီး (၃)ရပ်ဖြစ်သည့် စက်မှုလုပ်ငန်း၊ အီလက်ထရွန်နစ်လုပ်ငန်းနှင့် လေကြောင်းနှင့်အာကာသလုပ်ငန်းတို့ကို ဖွဲ့စည်းတည်ထောင်ရေးအတွက် စီမံဆောင်ရွက်နေမှုနှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေစာရင်းတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ငွေရေးကြေးရေးကဏ္ဍနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်ရသုံးမှန်းခြေ ငွေစာရင်းအခြေအနေ၊ ငွေရေးကြေးရေးကဏ္ဍ၏ ဝန်ဆောင်မှုလုပ်ငန်းများ၊ ငွေရေးကြေးရေး ရည်မှန်းချက်များ၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေငွေစာရင်း၊ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံသည့်စာရင်း၊ မူလလျာထားချက်ထက် ရငွေပိုမိုတိုးတက်ရှာဖွေနိုင်ခဲ့မှု၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းအခြေအနေ၊ ဘဏ္ဍာရေးနှင့် ငွေကြေးမူဝါဒ ပြုပြင်ပြောင်းလဲမှုများ၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် သာမန်ရငွေနှင့် သာမန်အသုံးစရိတ်စာရင်း၊ ဝန်ကြီးဌာန၏ မူဝါဒနှင့် လုပ်ငန်းစဉ်များ၊ ဌာနများအလိုက် သာမန်ရငွေနှင့် သာမန်အသုံးစရိတ် လျာထားချက်၊ ငွေလုံးငွေရင်း အသုံးစရိတ်စာရင်းတို့ကို ရှင်းလင်းတင်ပြသည်။

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကို နိုင်ငံတော်အတွက် နိုင်ငံခြားငွေရှာဖွေပေးသည့် အရေးကြီးသော စီးပွားရေးကဏ္ဍတစ်ခုဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်နေမှု၊ ပဉ္စမ (၅)နှစ်စီမံကိန်းကာလ ကုန်ဆုံးသည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကမ္ဘာလှည့်ခရီးသည်စုစုပေါင်း (၁ ဒသမ ၄)သန်း ဝင်ရောက်ရန်နှင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်ဝင်ငွေ၏ (၁ ဒသမ ၁၉)ဆ တိုးတက်ရန် လျာထားဆောင်ရွက်နေမှု၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အခြေခံမူ(၄)ရပ် ချမှတ်ဆောင်ရွက်နေမှုနှင့် နိုင်ငံခြားဧည့်သည်ဝင်ရောက်မှု အဆင်ပြေလွယ်ကူရေးကော်မတီ ဖွဲ့စည်းထားရှိမှု၊ မိမိဝန်ကြီးဌာန၊ ဆက်စပ်ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ ဘဏ္ဍာရေးနှစ်အလိုက် စုစုပေါင်းဝင်ငွေရရှိမှု၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် သာမန်အသုံးစရိတ်မှ ဖြည့်စွက်ခွင့်ပြုငွေတင်ပြတောင်းခံထားမှု၊ ပြုပြင်ပြီး ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ပိုငွေရရှိမှု၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေ ငွေစာရင်းတို့ကိုလည်းကောင်း။

သမဝါယမဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် စီမံကိန်း(မူကြမ်း)၏ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များ၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် စီမံကိန်း(မူကြမ်း)၏ ရည်မှန်းချက်များဖြစ်သည့် သမဝါယမအသင်းများ၏ စီမံကိန်းအကောင်အထည်ဖော်မှုတွင် (၆ ဒသမ ၁)ရာခိုင်နှုန်း တိုးတက်အောင်ဆောင်ရွက်ရန်နှင့် ထုတ်လုပ်မှုကဏ္ဍတွင် (၅ ဒသမ ၇) ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍတွင်(၂ ဒသမ ၈) ရာခိုင်နှုန်းနှင့် ကုန်သွယ်မှုကဏ္ဍတွင် (၉ ဒသမ ၇) ရာခိုင်နှုန်း တိုးတက်အောင် ဆောင်ရွက်ရန် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နေမှု၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီးရသုံးခန့်မှန်းခြေငွေစာရင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေ ငွေစာရင်းတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

စီမံကိန်းမူဝါဒများ

သစ်တောကဏ္ဍနှင့် စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ၂၀၁၁-၂၀၁၂ နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းမူဝါဒများ၊ ရည်မှန်းချက်များနှင့်လုပ်ငန်းစဉ်များ၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေ ငွေစာရင်းတို့ကို ရှင်းလင်းတင်ပြသည်။

အစည်းအဝေးကို ညနေ ၄ နာရီ ၃၅ မိနစ်တွင် ရပ်နားပြီး အစည်းအဝေး တတိယနေ့ကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

ရန်ကုန်-မန္တလေး မြရော ဈေးသဘော်ကြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ကုန်စည်ပို့ဆောင်ရေးဌာနခွဲ ရန်ကုန်-မန္တလေး "မြရော" ဈေးသဘော်နှင့် ဈေးတွဲနှစ်တွဲတို့သည် စဉ့်ထည်ပစ္စည်း၊ ပရိဘောဂပစ္စည်းများ၊ ထုံး၊ ဘိလပ်မြေ၊ ကျောက်ထွက်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ အထွေထွေလူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် ခရီးသည် ၁၀၅ ဦးတို့ တင်ဆောင်ပြီး ဇန်နဝါရီ ၉ ရက် နံနက် ၁၀ နာရီတွင် မန္တလေးမြို့မှ စတင်ထွက်ခွာခဲ့ရာ ဇန်နဝါရီ ၂၇ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်တထောင် အမှတ်(၃)ဆိပ်ကမ်းသို့ ပြန်လည်ရောက်ရှိလာသည်။

ရန်ကုန်-မန္တလေး "မြရော" ဈေးသဘော်နှင့် ဈေးတွဲနှစ်တွဲတို့သည် ရန်ကုန်မြို့မှ ဆန်၊ ဆား၊ မီးဖို၊ ဌာနဆိုင်ရာပစ္စည်းများ၊ စားသောက်ကုန်များ၊ အထွေထွေလူသုံးကုန်ပစ္စည်းများနှင့် ခရီးသည် ၇၇ ဦး တင်ဆောင်ပြီး ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၄ ရက် နံနက် ၇ နာရီတွင် ရန်ကုန်မြို့မှ စတင်ထွက်ခွာခဲ့ရာ ဒီဇင်ဘာ ၂၇ ရက်တွင် မန္တလေးမြို့သို့ ရောက်ရှိခဲ့သည်။

အဆိုပါ ရန်ကုန်-မန္တလေး "မြရော" ဈေးသဘော်ကြီးကို နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှုအရ ပြေးဆွဲရခြင်းဖြစ်ပြီး ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြို့၊ ရွာများမှ မိမိတို့ဒေသ၌ပင် ဈေးနှုန်းသက်သာစွာဖြင့် အလွယ်တကူ ဝယ်ယူရရှိနိုင်ရေးအတွက် ရည်ရွယ်ပြေးဆွဲရခြင်းဖြစ်ရာ ခရီးစဉ်တစ်လျှောက်ရှိ မြို့၊ ရွာဒေသများသို့ ညအိပ်ရပ်နားကာ ဈေးရောင်းချပေးခဲ့သည်။

ဈေးသဘော်ကြီး၏ အစုန်/အဆန် တစ်ခေါက်ဝင်ငွေရရှိမှုမှာ ငွေကျပ် ၃၁၉၁၀၁၈၀ ဖြစ်ပြီး ကုန်ကျစရိတ်တန်ဖိုးမှာ ငွေကျပ် ၂၀၆၂၀၄၆၈ ဖြစ်၍ အသားတင်အမြတ်မှာ ငွေကျပ် ၁၁၂၈၉၇၁၂ ကုန်ကျစရိတ်နှင့်ဝင်ငွေအချိုး ၆၄ ဒသမ ၆၂ ရာခိုင်နှုန်းဖြစ်ပြီး ရန်ကုန်-မန္တလေးဈေးသဘော်တစ်ခေါက်ပျမ်းမျှလျာထားဝင်ငွေမှာ ငွေကျပ်သိန်း ၂၀၀ ဖြစ်သော်လည်း အမှန်ဝင်ငွေမှာ ငွေကျပ် ၃၁၉ သိန်းကျော် ရရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရုပ်မြင်ခံစား ရုပ်သံအစီအစဉ်များ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၂-၂၀၁၂ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၅း၀၀ ပဋ္ဌာန်းပါဠိတော်+ဓမ္မသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၄၀ **ဒိဋ္ဌိကိုအသိနဲ့ရှေးဦးစွာခွာပြီးမှ ဝိပဿနာရှုကြရန်** တရားတော် [အရှင်ပညာဓမ္မာဘိဝံသ (ညောင်ကန်ဆရာတော်)]
- ၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၁၀၅)
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှင်းရာ** (အပိုင်း-၅၈)
- ၈း၄၅ The Shop Around the Corner (Part-13)
- ၁၀း၂၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၀း၄၅ ရန်ကုန်မြင်ကွင်းကျယ် (ASEAN-KOREA Film Community Project in Myanmar)
- ၁၀း၅၅ သင်ကြားရေးလမ်းညွှန် (Learn the Basic Dance Studio)
- ၁၁း၁၀ ရန်ကုန်မြင်ကွင်းကျယ် (Rose Mary Collection) ဆိုင်သစ်ဖွင့်ပွဲ အခမ်းအနား
- ၁၁း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **တေးသွားဧကရီ** (အပိုင်း-၅)
- ၁၂း၄၅ ရန်ကုန်မြင်ကွင်းကျယ် (ဗုဒ္ဓသာသနရက္ခိတ စုပေါင်းအလှူရှင်များ ကုသိုလ်ပြုပွဲ)
- ၂း၀၀ MRTV-4 သတင်း
- ၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၁၀၅)
- ၃း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှင်းရာ** (အပိုင်း-၅၈)
- ၅း၀၅ ရန်ကုန်မြင်ကွင်းကျယ် (My Choice Restaurant) ဆိုင်ဖွင့်ပွဲအခမ်းအနား
- ၅း၁၅ ပြုံးပန်းဝေဖြာ ဝိဇာတမင်္ဂလာ (ဓမ္မဒူတတောရသာသနာ့ရိပ်သာ)
- ၆း၀၀ MRTV -4 သတင်း
- ၆း၁၅ MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၁၀၆)
- ၇း၁၅ Style ရှိမှ Star ဖြစ်မယ်
- ၈း၃၀ အနုပညာမိုးကောင်းကင်
- ၉း၂၀ The Shop Around the Corner (Part-14)
- ၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှင်းရာ** (အပိုင်း-၅၉)
- ၁၀း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **တေးသွားဧကရီ** (အပိုင်း-၆)
- ၁း၄၀ **ဓိဝိတဒါနသွေးလှူဖို့ သွေးအားပြည့်အောင်နေကြစို့** ငှက်ပျော်ကြော်၊ချစ်သုဝေ၊မိုးယုစံ၊ မီးမီးသုခ (ဒါရိုက်တာ-ကိုရွှေမိုးသက်)
- ၃း၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၄း၄၅ ရှေးမူလက်ရာလေ့လာစရာ ဖိုလ်ဝင်နှင့် ရွှေဘတောင်တော်မှာ

ရုပ်မြင်ခံစား ရုပ်သံအစီအစဉ်များ

မြန်မာ့ရုပ်မြင်သံကြား

၂-၂-၂၀၁၂ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၃၀ ၂။ နံနက်ခင်းသတင်း
- ၈း၃၀ ၃။ (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု အစီအစဉ်
- ၈း၄၀ ၄။ International News
- ၈း၄၅ ၅။ တေးဂီတအစီအစဉ်

ညပိုင်း

- ၄း၁၀ ၁။ တေးဂီတအစီအစဉ်
- ၄း၅၀ ၂။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ဒုတိယနှစ် (ပထဝီဝင်အထူးပြု) (ပထဝီဝင်)
- ၆း၀၀ ၃။ ညနေခင်းသတင်း
- ၆း၁၅ ၄။ မိုးလေဝသအခြေအနေ
- ၆း၄၀ ၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်နဲ့အမုန်း** (ဒုတိယတွဲ) (အပိုင်း-၂၈)
- ၇း၃၀ ၆။ မြန်မာ့အင်ဂျီနီယာတို့ရဲ့ စွမ်းပကား ဧရာဝတီမြစ်ကူး ပခုက္ကူတံတား
- ၈း၀၀ ၇။ ပြည်တွင်းသတင်း
- ၈။ နိုင်ငံတကာသတင်းများ
- ၉။ မိုးလေဝသအခြေအနေ
- ၁၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာအသချေ** (အပိုင်း-၂)
- ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်ဆုံး** (အပိုင်း-၃၀)

ဇန်နဝါရီ ၃၀ ရက်က ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော အခြေခံတိုင်းရင်းဆေးပညာသင်တန်းဖွင့်ပွဲကို ရန်ကင်းပညာရေးကောလိပ် မြတ်ပညာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ဆွေညွှန့် သင်တန်းဖွင့် အမှာစကားပြောကြားစဉ်။ (၀၄၃)

ရွှေပြည်သာမြို့နယ် အမက(၃၉)၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၃၀ ရက်က ကျင်းပရာ ကျောင်းအဆင့် သူငယ်တန်းတွင် ဘာသာစုံထူးချွန်ဒုတိယဆုရရှိခဲ့သော မောင်မင်းသွေးခန့်အား ကျောင်းအုပ်ဆရာကြီး ဦးစောမြတ်လှိုင် ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၁၆၆)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအဖွဲ့သစ်လက်ထက် ဖွင့်လှစ်ခဲ့သော တံတားများ

နဂါးပေါက်တံတား

* နဂါးပေါက်တံတားသည် ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ် ဒိုက်ဦး-စစ်တောင်းလမ်းတွင်ရှိပြီး ၂၀၀၈ ခုနှစ် ဇွန် ၁ ရက်က စတင်တည်ဆောက်၍ ၂၀၁၁ ခုနှစ် ဩဂုတ် ၂၇ ရက်တွင် ဖွင့်လှစ်ခဲ့သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့သစ်လက်ထက်တွင် ငါးစင်းမြောက်ဖွင့်လှစ်ခဲ့သော ပေ ၁၈၀နှင့်အထက် တံတားဖြစ်သည်။ သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး စုစုပေါင်းတံတားအရှည်ပေ ၂၄၀၊ ဒိုက်ဦးမှ ယာဉ်သွားလမ်းအကျယ် ၂၄ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီပါရှိကာ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ (ယာဉ်+ကုန်) တန် ၆၀ ဖြစ်သည်။
* ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး ဒိုက်ဦးမြို့မှ ရန်ကုန်-ပဲခူး-မော်လမြိုင်လမ်းရှိ စစ်တောင်းတို့ကို ဆက်သွယ်ဖောက်လုပ်ထားသည့် ဖြတ်လမ်းပေါ်တွင် တည်ရှိသည်။ ယခင်လမ်းကြောင်းမှာ ၄၆ မိုင်ကွာဝေးပြီး ယခုတည်ဆောက်ပေးသည့် တံတားကိုအသုံးပြု၍ ဒိုက်ဦးမှ စစ်တောင်းသို့ ဖြတ်လမ်းမှ သွားပါက ၂၁ မိုင် ခြောက်ဖာလုံသာဝေးသည့်အတွက် ၂၄ မိုင် နှစ်ဖာလုံ သက်သာသွားမည်ဖြစ်သည်။
* ဤတံတားကြီး ဖွင့်လှစ်ပေးသည့်အတွက် ပဲခူးတိုင်းဒေသကြီးမှတစ်ဆင့် မြန်မာပြည်အထက်ပိုင်းနှင့် အောက်ပိုင်းဒေသများသို့လည်းကောင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးများသို့ လည်းကောင်း၊ မြန်မာပြည်အရှေ့မှအနောက်၊ တောင်မှမြောက်သို့ ကွန်ရက်သဖွယ် ယှက်သွယ်သွားလာနိုင်မည်ဖြစ်သည်။

စစ်တောင်းတူးမြောင်းတံတား

* စစ်တောင်းတူးမြောင်းတံတားသည် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ဒိုက်ဦး-စစ်တောင်းလမ်း မိုင်တိုင်အမှတ်(၅/၄) တွင် တည်ရှိပြီး ၂၀၁၀ ခုနှစ် ဇူလိုင် ၄ ရက်က စတင်တည်ဆောက်၍ ၂၀၁၁ ခုနှစ် စက်တင်ဘာ ၂၅ ရက်တွင် ဖွင့်လှစ်ခဲ့သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့သစ် လက်ထက်တွင် ခြောက်စင်းမြောက်ဖွင့်လှစ်ခဲ့သော ပေ ၁၈၀ နှင့်အထက် တံတားဖြစ်သည်။ သံကူ ကွန်ကရစ်အမျိုးအစားဖြစ်ကာ စုစုပေါင်းတံတားအရှည်ပေ ၂၄၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် လူသွားလမ်းတစ်ဖက်လျှင် သုံးပေခွဲစီပါရှိ၍ ယာဉ်တစ်စီးချင်းခွင့်ပြုအလေးချိန်မှာ (ယာဉ်+ကုန်) တန် ၆၀ ဖြစ်သည်။
* စစ်တောင်းတူးမြောင်းတံတားသည် ရန်ကုန်-မန္တလေးပြည်ထောင်စုလမ်းမကြီး ဒိုက်ဦးမြို့မှ ရန်ကုန်-ပဲခူး-မော်လမြိုင်လမ်းရှိ စစ်တောင်းတို့ကို ဆက်သွယ်ဖောက်လုပ်ထားသည့် ဖြတ်လမ်းပေါ်တွင် တည်ရှိပြီး ဒိုက်ဦး-စစ်တောင်းလမ်းမှသွားလျှင် ၂၄ မိုင်ခန့် သက်သာသွားသည့်အပြင် အချိန်တိုအတွင်း မော်တော်ယာဉ်ကြီးများ အလွယ်တကူသွားလာနိုင်သည်။
* ဤတံတားကြီး ဖွင့်လှစ်ပေးသည့်အတွက် ပဲခူးတိုင်းဒေသကြီးမှတစ်ဆင့် မြန်မာပြည်အထက်ပိုင်းနှင့် အောက်ပိုင်းဒေသများသို့ လည်းကောင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးများသို့ လည်းကောင်း၊ မြန်မာပြည်အရှေ့မှ အနောက်၊ တောင်မှမြောက်သို့ ကွန်ရက်သဖွယ်ယှက်သွယ်သွားလာနိုင်မည်ဖြစ်သည်။

ကျားထူးချောင်းတံတား

* ကျားထူးချောင်းတံတားသည် မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ် မကွေး-နတ်မောက်-ပျော်ဘွယ်လမ်းတွင် တည်ရှိပြီး ၂၀၁၀ ခုနှစ် ဩဂုတ် ၂၄ ရက်က စတင်တည်ဆောက်၍ ၂၀၁၁ ခုနှစ် အောက်တိုဘာ ၂၂ ရက်တွင် ဖွင့်လှစ်ခဲ့သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့သစ်လက်ထက်တွင် ခုနစ်စင်းမြောက် ဖွင့်လှစ်ခဲ့သော ပေ ၁၈၀ နှင့်အထက် တံတား ဖြစ်သည်။ သံကူကွန်ကရစ်အမျိုးအစားဖြစ်ကာ စုစုပေါင်းတံတား အရှည်ပေ ၄၈၀၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီပါရှိကာ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ (ယာဉ်+ကုန်) တန် ၆၀ ဖြစ်သည်။
* မကွေးမြို့မှ ပျော်ဘွယ်မြို့သို့ ရိုးမကိုဖြတ်၍ အရှေ့မှ အနောက်သို့ တိုက်ရိုက်သွားလာနိုင်ခြင်း၊ ပျော်ဘွယ်မှတစ်ဆင့် ရန်ကုန်မြို့၊ မန္တလေးမြို့များသို့ သွားလာနိုင်ခြင်း၊ ပျော်ဘွယ်-ဘုရားငါးဆူလမ်းမှတစ်ဆင့် ရှမ်းပြည်နယ်(တောင်ပိုင်း)သို့လည်းကောင်း၊ မကွေး-မင်းဘူး-အမ်းလမ်းမှတစ်ဆင့် ရခိုင်ပြည်နယ်သို့လည်းကောင်း မြန်မာပြည်အရှေ့မှ အနောက်၊ တောင်မှမြောက်သို့ ကွန်ရက်သဖွယ် ယှက်သွယ်ဖောက်လုပ်ထားသည်။

သတင်းမှတ်စု ➢ မောင်ငြိမ်းအေး

ရဲနွယ်ချောင်းတံတား

* ရဲနွယ်ချောင်းတံတားသည် ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကျောက်တံခါးမြို့နယ် မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ကျွန်းကုန်း-ပိန်းဇလုပ်လမ်း မိုင်တိုင်အမှတ်(၁၃/၆)နှင့် (၁၃/၇)ကြားတွင်တည်ရှိပြီး ၂၀၁၁ ခုနှစ် မေ ၁၂ ရက်တွင် စတင်အကောင်အထည်ဖော်၍ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၈ ရက်တွင် ဖွင့်လှစ်ခဲ့သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့သစ်လက်ထက်တွင် ၁၀ စင်းမြောက် ဖွင့်လှစ်ခဲ့သော ပေ ၁၈၀ နှင့်အထက် တံတားဖြစ်သည်။ သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး စုစုပေါင်းတံတား အရှည်ပေ ၃၆၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် လူသွားလမ်းတစ်ဖက်လျှင် ၃ ပေ ၆ လက်မစီပါရှိကာ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ (ယာဉ်+ကုန်) ၇၅ တန်ဖြစ်သည်။ တံတားအောက် ရေလမ်းကင်းလွတ်အကျယ် ၁၀၅ ပေနှင့် ရေလမ်းကင်းလွတ် အမြင့် ၁၀ ပေရှိပြီး ထူးကဲ မိုးရွာသွန်းမှုကြောင့် များပြားလာမည့် ချောင်းရေဖြတ်စီးနိုင်အောင် ချဉ်းကပ်လမ်းပေါ်၌ ပေ ၂၀ ပတ်လည် အကျယ်ရှိ ရေထုတ်ပြွန်တစ်လုံးကို ထည့်သွင်းတည်ဆောက်ပေးထားသည်။
* ဖောက်လုပ်ဆဲ ရိုးမဖြတ်ကျော်လမ်း (၇)လမ်းအနက် ရိုးမဖြတ်ကျော်လမ်း ဒုတိယလမ်းဖြစ်သည့် မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ကျွန်းကုန်း-ပိန်းဇလုပ်လမ်းပေါ်တွင် တည်ရှိသဖြင့် ထိုတံတားမှတစ်ဆင့် ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းနှင့်အနောက်ခြမ်းသို့ အလွယ်တကူ တိုက်ရိုက်သွားလာနိုင်ပြီး မြန်မာပြည်အရှေ့မှ အနောက်၊ တောင်မှမြောက်သို့ ကွန်ရက်သဖွယ် ယှက်သွယ်သွားလာနိုင်မည် ဖြစ်သည်။

တိရစ္ဆာန်ကူးစက်ရောဂါ သဲကုန်း၌ ပညာပေးဟောပြော

သဲကုန်း ဖေဖော်ဝါရီ ၁

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် ထန်းပင်မော်အုပ်စု ကံကြီးကျေးရွာတွင် ကျေးရွာအုပ်စုအတွင်းရှိ တောင်သူများအား တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ ပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၁ ရက်က ကျင်းပရာ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါက်တာအေးသွင်က တိရစ္ဆာန်ကူးစက်ရောဂါအကြောင်း ပညာပေးဟောပြောပြီး ဝန်ထမ်းများက ကျွဲ၊ နွား ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သီပေါမြို့ အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်းမှ ၁၉၉၁-၁၉၉၄ ပညာသင်နှစ် ကျောင်းသားကျောင်းသူဟောင်းများ၏ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၁ ရက်က ရွှေကျောင်းပဋ္ဌိပတ္တိသာသနာ့ရိပ်သာ မင်္ဂလာမဂ္ဂင်မဏ္ဍပ်၌ ကျင်းပရာ ကျောင်းသား ကျောင်းသူဟောင်းများက ဆရာ ဆရာမကြီးများအား ကန်တော့ပစ္စည်းများ ဂါရဝပြုပေးအပ်စဉ်။(မြန်မာ့အလင်း)

ရန်ကုန်တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁

ရန်ကုန်တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဇန်နဝါရီ ၂၇ ရက်က မြောက်ဥက္ကလာပမြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးသမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းက သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဒါရိုက်တာအဖွဲ့၏လုပ်ငန်းအစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များ၊ နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းနှင့် အကျိုးငွေခွဲဝေမှုစာရင်းများ၊ အသင်းစာရင်းစစ်အစီရင်ခံစာများကို ဒါရိုက်တာများက ဖတ်ကြားတင်ပြပြီး အသင်းဝင်ကိုယ်စားလှယ်များက အဆိုပြုထောက်ခံအတည်ပြုခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

နောင်တော်ကြီးဗုဒ္ဓရုပ်ပွားတော် ဒလ၌ ဒေသစာရီကြွချီ

ဒလ ဖေဖော်ဝါရီ ၁

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် မဟာသကြိန်ဘုရားကြီး၏ ဂေါပကအဖွဲ့မှ ဒလမြို့ ညောင်ကုန်းရပ်ကွက်တွင် တည်ရှိသော သမိုင်းဝင်မျက်ရှင်တော် ဆုတောင်းပြည့် မဟာသကြိန်ဘုရားကြီး၏ နောင်တော်ကြီး ရုပ်ပွားတော်မြတ် ဒေသစာရီ ကြွချီအပူဇော်ခံပွဲကို မြို့ပေါ်ရပ်ကွက် ၂၃ ရပ်ကွက်၌ တစ်ရပ်ကွက်လျှင် သုံးရက်ကြာ ကိန်းဝပ်စံပယ်ကာ အပူဇော်ခံပွဲကျင်းပလျက်ရှိရာ လာရောက်ဖူးမြော်ကြည်ညို လှူဒါန်းကြသူများဖြင့် စည်ကားလျက်ရှိသည်။

အဆိုပါ ဗုဒ္ဓပူဇာ အခမ်းအနားကို ဇန်နဝါရီ ၃၀ ရက် ပထမနေ့ညတွင် အုံ့ကြီးအရှေ့ရပ်ကွက်၌ ဆီမီးပူဇော်ပွဲ၊ ဒုတိယနေ့ညတွင် ဓမ္မစကြာရွတ်ဖတ်ပူဇော်ပွဲနှင့် တတိယနေ့ညတွင် ဓမ္မသဘင်ပွဲများဖြင့် ကျင်းပခဲ့သည်။ ဖေဖော်ဝါရီ ၂ ရက်တွင် သမတကမ်းခြေရပ်ကွက်သို့ ပင့်ဆောင်ကာ ဒေသစာရီကြွချီအပူဇော်ခံမည်ဖြစ်သည်။ **(သန်းဌေး-ဒလ)**

ပညာရေးစုံညီပွဲတော် ကျင်းပ

လင်းခေး ဖေဖော်ဝါရီ ၁

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် အခြေခံပညာအထက်တန်းကျောင်း၏ ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၂၁ ရက် နံနက် ၉ နာရီက အဆိုပါကျောင်း၌ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်၊ ခရိုင်ပညာရေးမှူး ဦးမာန်လောမောင်းတို့က အမှာစကားပြောကြားကာ ကျောင်းအုပ်ဆရာကြီး ဦးဇော်မင်းက ပွဲတော်ကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ ဘက်စုံပညာထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ယခုသီတင်းပတ်၌ နိုင်ငံခြားဇာတ်ကားသစ် UNDERWORLD: AWAKENING ရုံဝင်လာ

ရန်ကုန် ဖေဖော်ဝါရီ ၁

ယခုသီတင်းပတ် ဖေဖော်ဝါရီ ၃ရက်(သောကြာနေ့)၌ မြန်မာဇာတ်ကားသစ်ရုံဝင်လာခြင်းမရှိဘဲ နိုင်ငံခြားဇာတ်ကားသစ် **UNDERWORLD: AWAKENING** ရွှေဆောင်ရုံတွင် ရုံဝင်လာသည်။ **(အောက်ပုံ)**

ရိုက်ကူးတင်ပြ

ဒါရိုက်တာ Mars Marlind ရိုက်ကူးပြီး သရုပ်ဆောင် Kate Beckinsale နှင့် Michael Ealy တို့ ပါဝင်သရုပ်ဆောင်ထားသည့် အက်ရှင်ဇာတ်ကားဖြစ်သည်။ သွေးစုပ်ဖုတ်ကောင်မလေး ဆလင်း၊ သမီးငယ် အီဗ်နှင့် အအေးခန်းအတွင်း ထိန်းသိမ်းခံထားရသောခင်ပွန်းသည် မိုက်ကယ်တို့ အခက်အခဲများ၊ အန္တရာယ်များကြားမှ ထွက်ပြေးလွတ်မြောက်လာကြပုံများကို စိတ်လှုပ်ရှားဖွယ် ရိုက်ကူးတင်ပြထားသော ဇာတ်ကားဖြစ်သည်။

ကိုလင်း (ရုပ်ရှင်သတင်းထောက်)

သမ္မတ၊ သွင်နှင့် မင်္ဂလာရုံတို့တွင် ရန်အောင်၊ ကျော်ရဲအောင်၊ ဟိန်းဝေယံ၊ စိုးမြတ်သူဇာ၊ မေသဥ္ဇာဦးနှင့် အိန္ဒြာကျော်ဇင်တို့ ခေါင်းဆောင်ပါဝင်ထားပြီး ဒါရိုက်တာ ဒေါန၊ တွဲဖက်ဒါရိုက်တာ ကိုသန့်စင်၊ ဖိုးကျော် (သန်လျင်)တို့ ရိုက်ကူးတင်ပြထားသည့် **အချစ်ကွိုင်** ဇာတ်ကား ရုံတင်ပြသလျက်ရှိသည်။ နေပြည်တော်ရုံတွင် နိုင်ငံခြားဇာတ်ကား **IN TIME** ရုပ်ရှင်ကား ပြသလျက်ရှိပါကြောင်း။ ။ **(မြန်မာ့အလင်း)**

ပြင်ဆင်ဖတ်ရှုပါရန်

ဖေဖော်ဝါရီ ၁ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၆တွင် ပါရှိသော တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ဘောဂဗေဒဘာသာရပ် သင်ခန်းစာ၏ အခန်း(၅) ပြည်သူ့ဘဏ္ဍာရေးအခန်းမှ အခွန်ပုစ္ဆာ၏ ဇယားတွင် ဝင်ငွေ(ကျပ်/လ) အစား ဝင်ငွေ(ကျပ်/နှစ်)ဟု ပြောင်းလဲပြင်ဆင်ဖတ်ရှုပါရန်။

စက်သုံးဆီ ရောင်းဈေးနှုန်းများ

၁-၂-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

Mean of Platts Singapore Price(MOPS) အရ ရန်ကုန်ဆိပ်ကမ်းအရောက်ဈေးနှုန်း	ဓာတ်ဆီ 92 Ron	ဒီဇယ်ဆီ
USD/IG	၃.၆၂	၃.၇၆
ကျပ်/ဂါလန် (1 USD=835 Kyats) နိုင်ငံခြားငွေရောင်းဝယ်လဲလှယ်ရေးဌာန (သိမ်ဖြူရောင်းဈေးနှုန်း)	၃၀၂၂.၇၀	၃၁၃၉.၆၀

အာရှနိုင်ငံအချို့၏ ရောင်းဈေးနှုန်းများ (အမေရိကန်ဒေါ်လာ/ဂါလန်)

နိုင်ငံ	ဓာတ်ဆီ 92Ron	ဒီဇယ်ဆီ
ကမ္ဘောဒီးယား	၅.၈၈	၅.၆၀
ထိုင်း	၄.၉၉	၄.၁၃
အိန္ဒိယ	၅.၅၉	၃.၄၈
တရုတ်	၄.၃၇	၄.၆၇
ဘင်္ဂလားဒေ့ရှ်	၄.၇၆	၃.၁၉
လာအို	၆.၅၁	၈.၃၆
စင်ကာပူ	၇.၄၂	၅.၈၅
အင်ဒိုနီးရှား	၃.၅၃	၄.၃၂
ဖိလစ်ပိုင်	၅.၈၃	၄.၅၅
ဘရူနိုင်း	၁.၈၁	၁.၁၀
ကိုရီးယား	၇.၉၂	၇.၃၀

ဒေသအလိုက် ပြည်တွင်းရောင်းဈေးနှုန်းများ (ကျပ်/ဂါလန်)

ဒေသများ	ပြည်တွင်းထုတ် ဓာတ်ဆီ		ပြည်ပမှတင်သွင်းသည့် ဓာတ်ဆီ 92 Ron		ပြည်ပမှတင်သွင်းသည့် ဒီဇယ်ဆီ	
	ပုဂ္ဂလိကဆိုင် ရောင်းဈေးနှုန်း	ပြင်ပ ရောင်းဈေးနှုန်း	ပုဂ္ဂလိကဆိုင် ရောင်းဈေးနှုန်း	ပြင်ပ ရောင်းဈေးနှုန်း	ပုဂ္ဂလိကဆိုင် ရောင်းဈေးနှုန်း	ပြင်ပ ရောင်းဈေးနှုန်း
နေပြည်တော်	၃၅၀၀	၃၇၀၀	၃၉၀၀	၃၇၀၀	၃၇၀၀	၃၅၀၀
ရန်ကုန်	၃၃၅၀	၃၄၀၀	၃၆၅၀	၃၇၀၀	၃၅၀၀	၃၃၀၀
မန္တလေး	၃၅၀၀	၃၉၀၀	၄၁၀၀	၄၁၀၀	၃၆၀၀	၃၆၀၀
ပုသိမ်	၃၄၅၀	၃၆၀၀	၃၇၀၀	၃၅၀၀	၃၆၅၀	၃၃၀၀
ပဲခူး	၃၄၀၀	၃၅၀၀	၃၇၀၀	၃၇၀၀	၃၅၅၀	၃၅၅၀
ပြည်	၃၄၅၀	၃၇၀၀	၃၈၀၀	၃၆၀၀	၃၆၅၀	၃၅၀၀
မကွေး	၃၅၀၀	၄၀၀၀	၄၁၀၀	၄၀၀၀	၃၈၀၀	၃၅၀၀
မုံရွာ	၃၅၀၀	၄၀၀၀	၄၃၀၀	၃၇၀၀	၃၉၀၀	၃၅၀၀
တောင်ကြီး	၃၆၀၀	၄၁၀၀	၃၉၀၀	၃၉၀၀	၃၈၀၀	၃၇၀၀
လားရှိုး	၃၆၀၀	၄၀၀၀	၄၄၀၀	၄၀၀၀	၃၉၀၀	၃၅၀၀
ကျိုင်းတုံ	-	-	၄၁၅၀	၄၁၅၀	၄၃၀၀	၄၃၀၀
မော်လမြိုင်	၃၄၅၀	၃၄၀၀	၃၉၀၀	၃၄၀၀	၃၆၀၀	၃၃၀၀
လှိုင်ကော်	၃၇၀၀	၃၉၀၀	၄၀၀၀	၃၈၀၀	၃၈၀၀	၃၈၀၀
ဘားအံ	၃၅၀၀	၃၄၀၀	၃၆၀၀	၃၃၀၀	၃၆၀၀	၃၅၀၀
မြိတ်	၃၆၀၀	-	-	၃၃၀၀	-	၃၂၀၀
စစ်တွေ	၃၆၅၀	၄၁၀၀	၄၄၀၀	-	၃၆၀၀	၃၃၅၀
မြစ်ကြီးနား	၃၆၅၀	၅၀၀၀	-	၄၇၀၀	၃၈၀၀	၄၀၀၀
ဟားခါး	၃၉၅၀	၅၅၀၀	၄၄၅၀	၄၅၀၀	၄၀၅၀	၄၂၀၀

စွမ်းအင်ဝန်ကြီးဌာန၏ ပြည်တွင်းထုတ်ဓာတ်ဆီရောင်းဈေးနှုန်းကို ဈေးကွက်ပေါက်ဈေးဖြင့် ပြင်ဆင်သတ်မှတ်ရောင်းချနိုင်ရေးဆောင်ရွက်ခဲ့ရာတွင် ၁-၁-၂၀၁၂ ရက်နေ့မှစ၍ ရန်ကုန်မြို့၌ အထိုင်ဈေးတစ်ဂါလန်လျှင် ငွေကျပ် ၃၀၀၀ ဈေးနှုန်းသို့ စတင်ပြင်ဆင်သတ်မှတ်ရောင်းချခဲ့ပြီး ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များကိုလည်း ဈေးနှုန်းအရှင်ဖြင့် လွတ်လပ်စွာ ပြန်လည်ရောင်းချခွင့်ပြုခဲ့သည့်အပြင် လိုအပ်သည့်နေရာများတွင် စွမ်းအင်ဝန်ကြီးဌာနအရန်ဆီများ ထပ်မံဖြည့်တင်းရောင်းချပေးနေသဖြင့် ပြည်တွင်းထုတ် ဓာတ်ဆီပြင်ပပေါက်ဈေးနှုန်းများ သိသာစွာကျဆင်းလာကြောင်း တွေ့ရှိရပါသည်။ **(စွမ်းအင်ဝန်ကြီးဌာန)**

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု အားကစားပြိုင်ပွဲနှင့် လက်မှုပညာပြိုင်ပွဲ ကျိုင်းတုံ၌ကျင်းပ

ကျိုင်းတုံ ဖေဖော်ဝါရီ ၁

လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးသက်မွေး အတတ်ပညာသင်ကျောင်းက ကြီးမှူးကျင်းပသော (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု အားကစားပြိုင်ပွဲ၊ လက်မှုပညာပြိုင်ပွဲနှင့် ရိုးရာယဉ်ကျေးမှုပဒေသာကပွဲကို ဇန်နဝါရီ ၂၁ ရက်နံနက် ၈ နာရီက ကျိုင်းတုံမြို့ အဆိုပါကျောင်း၌ ကျင်းပသည်။

ဖွင့်လှစ်ပေး

အခမ်းအနားကို ကျိုင်းတုံခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်ဝင်းနှင့် လူမှုဝန်ထမ်းဦးစီးဌာန တွဲဖက်ပြည်နယ် ဦးစီးမှူး ဦးလင်းထွဋ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ဝဲပုံ)**

လက်ခံယူ

ဆက်လက်၍ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်မြင့်က လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျောင်းသူများအတွက် ခရိုင်အုပ်ချုပ်ရေးမှူးဦးခင်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဦးနှင့် အလှူရှင်များက အလှူငွေများပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကချင်ပြည်နယ် ဖားကန့်မြို့နယ်၌ မိုင်းနင်းပေါက်ကွဲမှုဖြစ်ပွား၊ အပြစ်မဲ့ပြည်သူနှစ်ဦးဒဏ်ရာရရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁

ခန္တီးမြို့ ဇီးဖြူကုန်းရပ်နေ ဆိုင်ကယ်ကယ်ရီမောင်းနှင်သူ လက်ခိုမန်း(၃၄) နှစ်သည် လဟယ်မြို့နေ မောင်ပိုင်(၂၇)နှစ်အား ဖားကန့်မြို့နယ် တမခံရွာသို့ ဆိုင်ကယ်ဖြင့်လိုက်ပို့စဉ် ဇန်နဝါရီ ၂၉ ရက် ညနေ ၅ နာရီခန့်တွင် ခန္တီးမြို့အရှေ့ဘက် ၅၄ မိုင်ခန့်အကွာရှိ ဖားကန့်မြို့နယ် လိုက်ဆဲတောင်တက်ကားလမ်း၌ ဝါးဆစ်မိုင်းနင်းမိပြီး ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။

ပို့ဆောင်ပေး

မိုင်းနင်းပေါက်ကွဲမှုကြောင့် လက်ခိုမန်း၏ ဝဲပေါင်ရိုးကျိုးဒဏ်ရာနှင့် မောင်ပိုင်၏ ဝဲပေါင်ခြေသလုံးမိုင်းစများ ထိမှန်ဒဏ်ရာတို့ရရှိခဲ့ကြောင်း၊ အခင်းဖြစ်နေရာသို့ လက်နက်ကိုင်သောင်းကျန်းသူအင်အား ၁၀ ဦးခန့်ရောက်ရှိလာပြီး မိုင်းကြောင့် ဒဏ်ရာရရှိသူများမှာ အရပ်သားများဖြစ်သည့်အတွက် လာလမ်းအတိုင်း ပြန်ရန်ပြောကြားခဲ့ကြောင်း၊ ထို့ကြောင့် လက်ခိုမန်းနှင့် မောင်ပိုင်တို့သည် ဇန်နဝါရီ ၃၀ ရက် နံနက်ပိုင်းတွင် လိုက်ဆဲတောင်မှ ပြန်လည်ထွက်ခွာခဲ့ရာ မွန်းလွဲပိုင်းတွင် ခန္တီးမြို့နယ် နန်ခမာရွာ၌ တပ်မတော်စစ်ကြောင်းနှင့် တွေ့ဆုံခဲ့ကြောင်း၊ တပ်မတော်စစ်ကြောင်းက ၎င်းတို့နှစ်ဦးအား ဆေးဝါးကုသပေးပြီး ခန္တီးပြည်သူ့ဆေးရုံသို့ မော်တော်ယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒီမိုကရေစီစနစ်ပြောင်းလဲရာတွင် စိန်ခေါ်မှုများကိုကျော်လွှားပြီး ရည်မှန်းချက်ပန်းတိုင်ရောက်သည်အထိ လျှောက်လှမ်းမည် မြန်မာနိုင်ငံတွင် ကောင်းမွန်သည့် ဒီမိုကရေစီစနစ် ထွန်းကားလာအောင် ကြိုးပမ်းသွားမည်ဟု အခိုင်အမာဆုံးဖြတ်ထား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

မြန်မာနိုင်ငံ၏ စွမ်းရည်မြှင့်တင်ရေးကြိုးပမ်းမှုတွင် စင်ကာပူနိုင်ငံမှ ပံ့ပိုးကူညီပြီး ဒီမိုကရေစီရှင်သန်ရေးတွင်လည်း မြန်မာနိုင်ငံကို ဆက်လက်ထောက်ခံသွားမည်

စင်ကာပူသမ္မတနိုင်ငံ သမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်း

နေပြည်တော် ဖေဖော်ဝါရီ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား စင်ကာပူသမ္မတနိုင်ငံ သမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်းနှင့် ဇနီး မေရီတန်တို့က ဇန်နဝါရီ ၃၀ ရက် ညပိုင်းတွင် Istana သမ္မတအိမ်တော်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီးတို့သည် ည ၇ နာရီ ၁၅ မိနစ်တွင် Istana သမ္မတအိမ်တော်သို့ ရောက်ရှိလာရာ စင်ကာပူသမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်းနှင့်ဇနီးတို့က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် Reception Room ၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီးတို့အား စင်ကာပူသမ္မတက ညစာစားပွဲသို့ တက်ရောက်လာကြသော စင်ကာပူသမ္မတနိုင်ငံမှ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် မိတ်ဆက်ပေးသည်။ အလားတူ နိုင်ငံတော်သမ္မတကလည်း စင်ကာပူသမ္မတအား ၄င်းနှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသော ပြည်ထောင်စုဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် မိတ်ဆက်ပေးသည်။

ထို့နောက် Banquet Hall ၌ ဂုဏ်ပြုညစာစားပွဲကိုကျင်းပရာ ညစာသုံးဆောင်နေစဉ် စင်ကာပူတပ်မတော်တီးဝိုင်းက တေးသံသာများဖြင့် တီးမှုတ်ဖျော်ဖြေသည်။

အထူးကောင်းမွန်

ယင်းနောက် စင်ကာပူသမ္မတက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် စင်ကာပူနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ၁၉၆၆ ခုနှစ်ကတည်းက သံတမန်ဆက်ဆံရေးကို တည်ဆောက်ခဲ့ကြပါကြောင်း၊ ထိုစဉ်ကာလမှစ၍ မိမိတို့နှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးမှုသည် ခိုင်မာသည်ထက်ခိုင်မာခဲ့ပါကြောင်း၊ နယ်ပယ်ကဏ္ဍအများအပြားရှိ မိမိတို့ နှစ်နိုင်ငံအကြား *စာမျက်နှာ ၄ ကော်လံ ၁* ❐

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား စင်ကာပူသမ္မတနိုင်ငံ သမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်းက စင်ကာပူမြို့ Istana သမ္မတအိမ်တော် Banquet Hall ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း စင်ကာပူသမ္မတနိုင်ငံမှ နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

စင်ကာပူသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်တို့က နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် စင်ကာပူသမ္မတနိုင်ငံ သမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်း၏ ဖိတ်ကြားချက်အရ စင်ကာပူသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ယနေ့ ညနေ ၃ နာရီခွဲတွင် အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဇနီးနှင့်အဖွဲ့အား ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံ သံရုံးယာယီ တာဝန်ခံ Mr. William Chit နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဇနီးတို့နှင့်အတူ အဖွဲ့ဝင်များအဖြစ်လိုက်ပါသွားကြသော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီး၊ ရန်ကုန်မြို့တော်ဝန်နှင့် ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**